ရေကြည်မှန်

The Mirror

၁၃၇၂ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၃ ရက်၊ သောကြာနေ့၊ (9-7-2010) (၆၃၅၄)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

သစ်တောရေးရာဝန်ကြီးဌာနက ထိုင်းနိုင်ငံသို့ ရွှေသမင် နှစ်စုံနှင့် ကြယ်လိပ် ငါးစုံ ပေးအပ်လှူဒါန်း

နေပြည်တော် ဇူလိုင် ၈

သစ်တောရေးရာဝန်ကြီးဌာနက ထိုင်းနိုင်ငံ Zoological Park Organization (ZPO, Thailand) သို့ လှူဒါန်းသော ရွှေသမင် နှစ်စုံနှင့် ကြယ်လိပ် ငါးစုံ လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင် နေပြည်တော်ရှိ သစ်တောဦးစီးဌာန ဦးစီးရုံးချုပ် အင်ကြင်းခန်းမ၌ ကျင်းပရာ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းအောင် တက်ရောက်၍ အမှာစကား ပြောကြားသည်။

ထို့နောက် သစ်တောဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးအေးမြင့်မောင်က ရွှေသမင် နှစ်စုံနှင့် ကြယ်လိပ် ငါးစုံတို့နှင့်စပ်လျဉ်းသည့် စာရွက်စာတမ်းများကို **စာမျက်နှာ ၇ ကော်လံ ၁ သို့** ☆

ဆိပ်ဖြူ-ယောချောင်း ရထားလမ်း

မကွေးတိုင်း ပခုက္ကူခရိုင် ဆိပ်ဖြူမြို့ ဆိပ်ဖြူ-ယောချောင်း ရထားလမ်းဖွင့်ပွဲကို ဇွန် ၁၂ ရက်က ကျင်းပခဲ့ရာ ဆိပ်ဖြူ-ယောချောင်း ရထားလမ်းပိုင်းတွင် ရထားစတင်ပြေးဆွဲနေသည်ကို တွေ့ရစဉ်။

မြန်မာနိုင်ငံ တစ်နံတစ်လျား ရထားစီး၍ ခရီးနှင်မည်

သတင်းဆောင်းပါး-တင်ထွေး(သတင်းစဉ်)
ဓာတ်ပုံမှတ်တမ်း-ကြေးမုံ

အဆင်အပြင် မင်းမင်း

ရထားစီး၍ ခရီးသွားရသည့်အခါတိုင်း "ရ(ရကောက်) ရထားကြီး ပျော်ပျော်စီး" ဆိုသော သူငယ်တန်းဖတ်စာအုပ်ထဲက စာသားကို ပြန်လည်အမှတ်ရမိသည်။ ငယ်စဉ်ကလေးဘဝက ရထားမစီးဖူးသေးသော်လည်း " ရထား" ဆိုသော ဝေါဟာရနှင့် ရင်းနှီးခွင့်ရခဲ့သည်။ ယခု ရထားဖြင့် မကြာမကြာ ခရီးသွားရသော အခါ ငယ်စဉ်က ရထားစီးချင်လွန်း၍ အမေ့ကို ငိုယိုပြီး ပူဆာခဲ့သည်များကို ပြန်လည်အမှတ်ရကာ ပြုံးမိရသေးသည်။

ရထားစီး၍ ခရီးသွားခြင်းသည် ဒေသန္တရ ဗဟုသုတများစွာ ရရှိသည့်အပြင် သက်သောင့်သက်သာရှိပြီး ကုန်ကျစရိတ်လည်း အထူးသက်သာသည်။ ယခင်က ကျောက်မီးသွေးလောင်စာ အသုံးပြု၍ ရေနွေးငွေ့ဖြင့် မောင်းနှင်ခဲ့ရသဖြင့် " မီးရထား " ဟု ခေါ်ဝေါ်ခဲ့သော်လည်း ယခုအခါ ဒီဇယ်အင်ဂျင်များဖြင့် ခုတ်မောင်းသောကြောင့် " ရထား" ဟု ခေါ်ဝေါ်ခြင်းက ပို၍ဆီလျော်ပါသည်။

မြန်မာနိုင်ငံ၌ ရန်ကုန် - ပြည် ရထားလမ်းသည် ပထမဆုံး ဖောက်လုပ်သော ရထားလမ်းဖြစ်ပြီး ရန်ကုန်-မန္တလေး ရထားလမ်းသည် ဒုတိယမြောက် ဖောက်လုပ်သော ရထားလမ်းဖြစ်သည်။ နယ်ချဲ့အင်္ဂလိပ်တို့သည် မြန်မာနိုင်ငံကို ကိုလိုနီအဖြစ် ကျွန်ပြုအုပ်ချုပ်ခဲ့ကြရာတွင် **စာမျက်နှာ ၈ ကော်လံ ၁ သို့** ▲

ပုံတောင်ပုံညာတောင်ကို ဖောက်၍ ရထားလမ်းဖောက်လုပ်ပေးခဲ့သဖြင့် ကျော-ရေမျက်နှီ ရထားလမ်းမှတစ်ဆင့် ပခုက္ကူဒေသသို့တိုင် ခရီးပေါက်လာသည်။

၉-၇-၂၀၁၀
(သောကြာနေ့)

ကျေးလက်လမ်းများ အဆင့်မြှင့်တင် မြန်မာ့ကျေးလက်တစ်ခွင် ဖွံ့ဖြိုးစည်ပင်

ပုသိမ်မြို့နယ် စမ်းကြီးကုန်း-ဝါးယားချောင်း ကျေးလက်ကတ္တရာလမ်း သစ်ဖွင့်ပွဲကို ဇွန် ၂၉ရက်က ကျင်းပခဲ့သည်။ ကျောက်ချောလမ်းမှ ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဖွင့်လှစ်လိုက်သဖြင့် စမ်းကြီးကုန်း၊ ဝါးယားချောင်း၊ ဇင်ပြွန်းကုန်းနှင့် ရွှေမြင်တင်ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာ ၂၅ရွာမှ ဒေသခံပြည်သူများ ပုသိမ်မြို့နှင့် ရာသီမရွေး ဆက်သွယ်သွားလာနိုင်ကြပေပြီ။

အလားတူ မြောင်းမြမြို့နယ် ကွယ်လွယ်-စက္ကော့ ကျေးလက်ကတ္တရာလမ်း၊ သပြေချောင်ကျေးရွာအဝင် ကျေးလက်ကျောက်ချောလမ်းတို့ကိုလည်း ဇွန် ၂၉ရက်က အဆင့်မြှင့်တင်ဖွင့်လှစ်နိုင်ခဲ့သည်။ ပတ်ဝန်းကျင်ကျေးရွာများမှ ပြည်သူများမြောင်းမြ-ရန်ကုန်ကားလမ်းမကြီးသို့ ရာသီမရွေး ဆက်သွယ်သွားလာမှု လွယ်ကူနေကြပြီဖြစ်သည်။

နိုင်ငံလူဦးရေ၏ အများစုသည် ကျေးလက်ဒေသများတွင် နေထိုင်လျက်ရှိသည်။ ကျေးလက်ပြည်သူများ၏ လူမှုစီးပွားဘဝတိုးတက်ခိုင်မာပြီး လူနေမှု အဆင့်မြင့်မားရေးအတွက် အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးရာတွင် လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့ရေးသည် တစ်ခုအပါအဝင်ဖြစ်သည်။ မြို့ပြနှင့် ကျေးလက်ဆက်သွယ်သည့် လမ်းများ၊ ကျေးရွာချင်းဆက်လမ်းများ ဖောက်လုပ်ပေးမှုကြောင့် သွားရေးလာရေးလွယ်ကူလာသည်။ ဒေသထွက်ကုန်ရောင်းဝယ်မှုများ မြန်ဆန်သွက်လက်ကောင်းမွန်လျက်ရှိသည်။

ကျေးလက်ဒေသများ၏ စီးပွားရေးအခြေခံသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းဖြစ်ရာ စိုက်ပျိုးရေးနှင့် သန့်ရှင်းသော သောက်သုံးရေလုံလောက်စွာရရှိစေရေး ဖန်တီးဖော်ဆောင်ပေးနေပြီ။ ဆည်တမံ၊ ရေထိန်းတံခါးများ၊ မြစ်ရေတင်စီမံကိန်းများနှင့် ဒေသအလိုက် ဆည်ကန်အစုအဖွဲ့များ တည်ဆောက်ပေးထားသဖြင့် မိုးစပါး၊ နွေစပါးသာမက ပဲအမျိုးမျိုး၊ ဆီထွက်သီးနှံနှင့် ချည်မျှင်ရှည်ဝါစသည်တို့ကို တိုးချဲ့စိုက်ပျိုးအကျိုးဖြစ်ထွန်းနေကြပေပြီ။

ထို့နည်းတူ ဒေသအလိုက် အခြေခံပညာကျောင်းဆောင်သစ်များ၊ တိုက်နယ်ဆေးရုံနှင့် ကျေးလက်ကျန်းမာရေး အဆောက်အအုံများ၊ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကိုလည်း တိုးချဲ့ဖွင့်လှစ်ပေးနိုင်နေပြီ။ ကျေးလက်ဒေသနေ လူငယ်လူရွယ်များ၏ ပညာသင်ကြားနိုင်မှု အခွင့်အလမ်းများ တိုးတက်လာသည်။ ဒေသခံပြည်သူများ၏ အသိအမြင် ဗဟုသုတများလည်း တိုးပွားမြင့်မားလာနေပြီဖြစ်သည်။

ယခုအခါ ကျေးလက်ဒေသများ၏ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် စီးပွားရေးဖွံ့ဖြိုးမှုကို ဖော်ညွှန်းနေသည့် စံပြကျေးရွာအများအပြားကို တွေ့မြင်နေရပြီ။ မြန်မာ့ကျေးလက်ဒေသတစ်ခွင်သည် စီးပွားရေး၊ လူမှုရေးများ ဖွံ့ဖြိုးတိုးတက်စည်ပင်လျက် ရှိနေပြီဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အမှတ်(၁) စက်မှုဝန်ကြီးဌာန ပညာရည်ချွန်ဆု ချီးမြှင့်ပွဲနှင့် ပညာသင်စရိတ်ထောက်ပံ့ခြင်း အခမ်းအနား ကျင်းပ

နေပြည်တော် ဇူလိုင် ၈

အမှတ်(၁) စက်မှုဝန်ကြီးဌာန (၁၃)ကြိမ်မြောက် ပညာရည်ချွန်ဆုချီးမြှင့်ပွဲနှင့် (၁၇)ကြိမ်မြောက် ဝန်ထမ်း သားသမီးများအား ပညာသင်စရိတ်ထောက်ပံ့ခြင်း အခမ်းအနားကို ယမန်နေ့ ညနေ ၃ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ ဦးစီးဌာနနှင့်လုပ်ငန်းများမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ အထွေထွေမန်နေဂျာများနှင့် ဆုရကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီး ဦးအောင်သောင်းက အမှာစကားပြောကြားရာတွင် အခြေခံပညာအတန်းအသီးသီးနှင့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ဝန်ထမ်းသားသမီး ၅၂၄ဦးတို့အား ဂုဏ်ပြုချီးမြှင့်သည့် (၁၃)ကြိမ်မြောက် ပညာရည်ချွန်ဆုပေးပွဲနှင့် (၁၇)ကြိမ်မြောက် ပညာသင်စရိတ်ထောက်ပံ့ခြင်း အခမ်းအနားဖြစ်ကြောင်း၊ ယနေ့ ပညာရည်ချွန်ဆုချီးမြှင့်ခြင်းနှင့် ပညာသင်စရိတ်ထောက်ပံ့ပေးအပ်မှုမှာ ငွေကျပ် ၂၆၄ ဒသမ ၆၂၈ သိန်းဖြစ်ကြောင်း၊ ၁၉၉၇ ခုနှစ်မှ ၂၀၁၀ ခုနှစ်အထိ ပညာရည်ချွန်ဆုနှင့် ပညာရေးထောက်ပံ့ငွေ စုစုပေါင်းကျပ် ၃၄၈၆ ဒသမ ၇၈၈ သိန်းကို ထောက်ပံ့ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း၊ ထို့ကြောင့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အရာရာတွင် တိုးတက်နေသည့်ပညာခေတ်တွင် ပညာထူးချွန်၍ နည်းပညာများကျွမ်းကျင်တတ်မြောက်မှသာလျှင် မိမိနှင့် မိမိမိသားစုမှအစ နိုင်ငံတော်အထိ တိုးတက်ဖွံ့ဖြိုးအောင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်နိုင်မည်ကို နှလုံးသွင်းပြီး ထူးချွန်ထက်မြက်သည့် အသိပညာရှင်များ၊ အတတ်ပညာရှင်များဖြစ်အောင် ကြိုးစားကြစေလိုကြောင်း၊ မိဘများကလည်း တစ်ဖက်ကလုပ်ငန်းတာဝန်များကို အားကြိုးမာန်တက်ထမ်းဆောင်ရင်း မိမိတို့သားသမီးများအား ထူးချွန်ထက်မြက်သည့် နိုင်ငံ့သားကောင်း၊ သမီးကောင်းများဖြစ်လာအောင် ပြုစုပျိုးထောင်ပေးကြစေလိုကြောင်းဖြင့် တိုက်တွန်းမှာကြားသည်။

ထို့နောက် ဝန်ကြီး ဦးအောင်သောင်းက ၂၀၀၉-၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသော မသဇင်ဦး၊ မောင်အောင်ဦးခန့်နှင့် မထက်ထက်လင်းလှိုင်တို့အား ဂုဏ်ပြုဆုနှင့် အထူးဂုဏ်ပြုဆုငွေကျပ် နှစ်သိန်းစီကိုလည်းကောင်း၊ ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွက် ဝန်ထမ်းသားသမီးကျောင်းသား၊ ကျောင်းသူများအား ကျောင်းစရိတ်နှင့် ဗလာစာအုပ်ထောက်ပံ့ငွေကျပ် ၂၀၇ ဒသမ ၁၂၈ သိန်းကို ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမြင့်ထံလည်းကောင်း၊ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်ထူးချွန်စွာအောင်မြင်ခဲ့သူများနှင့် အတန်းလိုက် ပထမရရှိသူများအား သက်ဆိုင်ရာ စက်ရုံနယ်မြေများ၌ ဝန်ကြီး၏ကိုယ်စား ဆုချီးမြှင့်ရန် ငွေကျပ် ၅၇ ဒသမ ၅၀၀ သိန်းကို ညွှန်ကြားရေးမှူးချုပ် ဦးစိုးလှိုင်ထံလည်းကောင်း ပေးအပ်သည်။

ယင်းနောက် ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူတို့က ၂၀၀၉-၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ငါးဘာသာဂုဏ်ထူးရှင် ၁၀ဦး၊ လေးဘာသာဂုဏ်ထူးရှင် လေးဦး၊ သုံးဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် လေးဦးနှင့် တစ်ဘာသာဂုဏ်ထူးရှင် ခြောက်ဦး၊ ၂၀၀၉-၂၀၁၀ ပညာသင်နှစ်တွင် အတန်းလိုက် ပထမရရှိကြသော ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း အမှတ်(၁) စက်မှုဝန်ကြီးဌာန (၁၃)ကြိမ်မြောက် ပညာရည်ချွန်ဆုချီးမြှင့်ပွဲနှင့် (၁၇)ကြိမ်မြောက် ဝန်ထမ်း သားသမီးများအား ပညာသင်စရိတ်ထောက်ပံ့ခြင်း အခမ်းအနားတွင် တက္ကသိုလ်ဝင်စာမေးပွဲ၌ ခြောက်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သူ တစ်ဦးအား ဂုဏ်ပြုဆုပေးအပ်စဉ်။ (စက်မှု-၁)

ထို့နောက် ဆုရကျောင်းသား၊ ကျောင်းသူများကိုယ်စား ခြောက်ဘာသာဂုဏ်ထူးရှင် မထက်ထက်လင်းလှိုင်က ကျေးဇူးတင်စကားပြောကြား၍ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

ပေါင် ဇူလိုင် ၈

မွန်ပြည်နယ် ပေါင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ပေါင်မြို့နယ် ရင်းငြိမ်မြောက်ကျေးရွာ အထကကျောင်းဝင်းအတွင်း၌ ဇွန် ၂၆ ရက် နံနက် ၇ နာရီတွင် ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြတ်အောင်ဌေးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးမှူး ဦးခင်မောင်ရွှေနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ကျေးရွာနေပြည်သူများ စုစုပေါင်း အင်အား ၃၇၀ တက်ရောက်ကြပြီး ရတနာတန်းဝင်ကျွန်းပင် ၂၀၀၊ မဟော်ဂနီ ၈၀၀၊ ယူကလစ် ၇၀၀နှင့် ကံ့ကော် ၁၀၀ စုစုပေါင်း အပင် ၁၈၀၀ တို့ကို တပျော်တပါး စိုက်ပျိုးပေးခဲ့ကြသည်။ **(အောက်ပုံ)**

(မြို့နယ်ပြန်/ဆက်)

ရပ်စောက်မြို့နယ်အတွင်း ပလတ်စတစ်ကင်းစင်ရေးအတွက် ပတ်ဝန်းကျင်သန့်ရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှုကို မြို့မဈေးပတ်ဝန်းကျင်၌ ဇွန် ၂၆ ရက်က ဆောင်ရွက်ခဲ့ရာ တပ်ရင်းတပ်ဖွဲ့များမှ တပ်မတော်အရာရှိကြီးများ တက်ရောက်အားပေးပြီး မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ထွန်း၊ မြို့နယ်စည်ပင် အမှုဆောင်အရာရှိ ဦးသောင်းညွှန့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်ကျော်အောင်တို့ကြီးကြပ်၍ ဈေးသူ၊ ဈေးသားများ၊ မြို့မ(၇) ရပ်ကွက်ပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များ စုပေါင်းပါဝင်၍ ပလတ်စတစ်အမှိုက်များနှင့် ကြွပ်ကြွပ်အိတ်များကို မီးရှို့ဖျက်ဆီးစဉ်။ (မြို့နယ်စည်ပင်)

လှိုင်သာယာမြို့နယ် ကျန်းမာရေးကော်မတီမှ နာတာရှည်ရောဂါဝေဒနာရှင်များအား ပြည်သူလူထုအခြေပြုအိမ်တိုင်ရာရောက် ကျန်းမာရေးစောင့်ရှောက်ပေးခြင်းအခမ်းအနားကို ဇွန် ၂၄ ရက်က မြို့နယ်ဆေးရုံခန်းမ၌ကျင်းပရာ ဘာသာရပ်အလိုက် ဆရာဝန်ကြီးများက ဟောပြောကြပြီး နာတာရှည်ရောဂါဝေဒနာရှင်များထံ အိမ်တိုင်ရာရောက်သွားရောက်၍ ကျန်းမာရေးစောင့်ရှောက်ခြင်း၊ ပညာပေးဟောပြောခြင်းနှင့် အာဟာရ ဆေးဝါးထောက်ပံ့မှုပေးခြင်းများဆောင်ရွက်ကြစဉ်။ (၃၂၉)

ထိုင်းစက်မှုလုပ်ငန်းအဖွဲ့ချုပ်နှင့် UMFCCI တွေ့ဆုံ

ရန်ကုန် ဇူလိုင် ၈

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် အထွေထွေအတွင်းရေးမှူး ဒေါက်တာမောင်မောင်လေး ဦးဆောင်သော မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် စားသောက်ကုန်လုပ်ငန်းရှင်များပါဝင်သော အဖွဲ့သည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ဇွန် ၃၀ ရက်မှ ဇူလိုင် ၄ ရက်အထိ ကျင်းပသည့် THAIFEX World Food of Asia Fair သို့ တက်ရောက်ခဲ့ပြီး ဗန်ကောက်မြို့ Queen Sirikit National Convention Center ရှိ ထိုင်းစက်မှုလုပ်ငန်းအဖွဲ့ချုပ်သို့ သွားရောက်ကာ Thai-Myanmar Business Council မှ Chairman, Mr. Santi Vilassakdanont ဦးဆောင်သော ထိုင်းစီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ ထိုင်း-မြန်မာစီးပွားရေးဆိုင်ရာဆွေးနွေးပွဲများ၊ ခရီးသွားလုပ်ငန်းဆိုင်ရာကိစ္စရပ်များ၊ Student Exchange ပြုလုပ်ရန် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ ထို့အပြင် University of Thai Chamber of Commerce သို့လည်းသွားရောက်၍ ထိုင်း-မြန်မာ ပူးပေါင်းဆောင်ရွက်ရန်ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ အထိမ်းအမှတ် သစ်ပင်များ ဝန်ကြီး ဦးကျော်ဆန်း စိုက်ပျိုး ဝန်ထမ်းများ သစ်ပင်စိုက်ပျိုးနေမှု ကြည့်ရှုအားပေး

နေပြည်တော် ဇူလိုင် ၈

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းသည် ယနေ့နံနက် ၇ နာရီခွဲတွင် နေပြည်တော်တပ်ကုန်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း နေပြည်တော်ပုံနှိပ်စက်ရုံနှင့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း နေပြည်တော်သတင်းစာတိုက်တို့၌ ကျင်းပသည့် ၂၀၁၀ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတို့သို့ တက်ရောက်၍ အထိမ်းအမှတ် သစ်ပင်များကို စိုက်ပျိုးပေးပြီး ဝန်ထမ်းများ သစ်ပင်စိုက်ပျိုးနေမှုကို လိုက်လံကြည့်ရှုအားပေးသည်။

အဆိုပါ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းသည် နေပြည်တော် တပ်ကုန်းရှိ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း နေပြည်တော်ပုံနှိပ်စက်ရုံ အား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေး စကားပြောကြားသည်။

ထို့နောက် ဝန်ကြီးသည် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း နေပြည်တော် သတင်းစာတိုက် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့တက်ရောက်၍ အထိမ်းအမှတ် ခရေပင်ကို စိုက်ပျိုးပေးသည်။

ဆက်လက်၍ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြား သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

အလားတူ နေပြည်တော်ရှိပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီးရုံးနှင့် နေပြည် တော်တပ်ကုန်းရှိ မြန်မာ့အသံနှင့်ရုပ်မြင် သံကြားတို့၌ ၂၀၁၀ ခုနှစ် မိုးရာသီသစ်ပင် စိုက်ပျိုးပွဲများကို အသီးသီးကျင်းပကြရာ ဝန်ထမ်းများစုပေါင်း၍ သစ်ပင်များကို စိုက်ပျိုးပေးကြသည်။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း နေပြည်တော်တပ်ကုန်းရှိ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း နေပြည်တော် သတင်းစာတိုက်၌ ကျင်းပသည့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ခရေပင်ကို စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

ကြည့်ရှုအားပေး

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း နေပြည်တော်တပ်ကုန်း ရှိ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေး လုပ်ငန်း နေပြည်တော်ပုံနှိပ်စက်ရုံ၌ ကျင်းပသည့် မိုးရာသီသစ်ပင်စိုက်ပျိုး ပွဲတွင် စိန်တလုံးသရက်စိုက်ခင်း အတွင်း ဝန်ထမ်းများစုပေါင်း၍ သရက်ပင်စိုက်ပျိုးနေမှုနှင့် ပေါင်းသင် မြေဆွ ပြုလုပ်နေမှုတို့ကို ကြည့်ရှု အားပေးစဉ်။

(သတင်းစဉ်)

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်၍ အထိမ်းအမှတ်သရက်ပင်ကို စိုက်ပျိုးပေးသည်။

ယင်းနောက် ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ငြိမ်းနှင့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်းတို့က သတ်မှတ်နေရာများတွင် သရက်ပင်များကို စိုက်ပျိုးပေးကြသည်။

ကြည့်ရှုအားပေး

ဆက်လက်၍ ဝန်ကြီးသည် ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း စိန်တလုံးသရက်စိုက်ခင်းအတွင်း ဝန်ထမ်းများ စုပေါင်း၍ သရက်ပင်စိုက်ပျိုးနေမှုနှင့် ပေါင်းသင်မြေဆွ ပြုလုပ်နေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးပြီး ဝန်ထမ်းများ ရေးမှူးနှင့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးတို့က သတ်မှတ် နေရာများတွင် ပိတောက်ပင်များကို စိုက်ပျိုးပေးကြသည်။

ယင်းနောက် ဝန်ကြီး ဦးကျော်ဆန်း သည် စိုက်ခင်းများအတွင်း ဝန်ထမ်းများ စုပေါင်း၍ သရက်ပင်စိုက်ပျိုးနေမှုနှင့် ပေါင်းသင်မြေဆွပြုလုပ်နေမှုများကို လှည့် လည်ကြည့်ရှုအားပေးပြီး ဝန်ထမ်းများ အား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေး စကားပြောကြားသည်။

ထို့နောက် ဝန်ကြီးသည် နေပြည်တော် သတင်းစာတိုက် ပရဝဏ်အတွင်းရှိ ရတနာတန်းဝင် ကျွန်းစိုက်ခင်းနှင့် ယူကလစ် စိုက်ခင်း၊ မဲဇလီစိုက်ခင်း၊ နေပြည်တော်သတင်းစာတိုက် ပျိုးဥယျာဉ် နှင့် သတင်းစာတိုက်ဝန်းကျင် စိမ်းလန်း စိုပြည်ရေး ဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ် ယနေ့ ကျင်းပသည့် ပြန်ကြားရေး ဝန်ကြီးဌာန၏ ၂၀၁၀ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် သရက်နှင့် နှစ်ရှည် သီးပင်စားပင်၊ အရိပ်ရလေကာပင်များ စိုက်ပျိုးကြရာ ဝန်ကြီးဌာနအောက်ရှိ ဦးစီး ဌာနနှင့် လုပ်ငန်းအသီးသီးမှ သရက် ၂၃၈ ပင်နှင့် နှစ်ရှည်သီးပင်စားပင်၊ အရိပ် ရလေကာပင် ၂၅၇၀ စုစုပေါင်း ၂၈၀၈ ပင်ကို စိုက်ပျိုးကြသည်။

စီမံချက်ချစိုက်ပျိုး

ယခုနှစ်မိုးရာသီတွင် ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် စီမံချက်ချ စိုက်ပျိုးလျက်ရှိရာ ယနေ့အထိ သရက်ပင် ၃၄၀၃ ပင်၊ နှစ်ရှည်သီးပင်စားပင်၊ အရိပ်ရ လေကာပင် ၂၄၃၅၀ စုစုပေါင်း ၂၇၇၅၃ ပင် စိုက်ပျိုးပြီးဖြစ်ကာ လာမည့်အပတ်များ တွင်လည်း ဌာနအလိုက် ထပ်မံစိုက်ပျိုး သွားမည်ဖြစ်သည်။ (သတင်းစဉ်)

တနင်္သာရီသဘာဝကြိုးဝိုင်းစီမံကိန်းနှင့် ဆီအုန်းစက်ရုံစီမံကိန်းတို့ သစ်ပင်စိုက်ပွဲတော် ပူးပေါင်းကျင်းပ

ရေဖြူ ဇူလိုင် ၈

တနင်္သာရီတိုင်း ရေဖြူမြို့နယ် ကံပေါက် ကျေးရွာရှိ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက် ဆီအုန်းစက်ရုံ စီမံကိန်းနှင့် သစ်တောဦးစီးဌာန၊ တနင်္သာရီသဘာဝကြိုးဝိုင်းစီမံကိန်းတို့ ပူးပေါင်း၍ ဆီအုန်းစိုက်ခင်းဧရိယာအတွင်း မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ဇူလိုင် ၄ ရက် နံနက် ၈ နာရီတွင် ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ ပြည်ထောင်စု မြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက် ဆီအုန်းခြံနှင့် ဆီအုန်းစက်ရုံစီမံကိန်းမှ စီမံကိန်းဒါရိုက်တာ ဦးခင်မောင်ကြီးနှင့် တနင်္သာရီ သဘာဝကြိုးဝိုင်းစီမံကိန်းမှ စီမံကိန်းညွှန်ကြားရေးမှူး ဦးဇော်ဝင်းမြင့်၊ ဥယျာဉ်အုပ်ချုပ်ရေးမှူး ဦးတင့်ဆွေနှင့် ဝန်ထမ်းများ၊ ဆီအုန်းခြံနှင့် စက်ရုံမှ ဆီအုန်းခြံလုပ်သားများ စုစုပေါင်း အင်အား ၈၀၀ တက်ရောက်ကြကာ စီမံကိန်းညွှန်ကြားရေးမှူး ဦးဇော်ဝင်းမြင့် က သစ်ပင်စိုက်ပွဲကျင်းပရခြင်းနှင့် ပတ်သက်၍ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း ရေးဆိုင်ရာ ပညာပေးဆွေးနွေးဟောပြော ပြီး ပျိုးပင်များကို ဆီအုန်းစီမံကိန်း ဝန်ထမ်းများသို့ ပေးအပ်ရာ **(အောက်ပုံ)** ဆီအုန်းစီမံကိန်းဒါရိုက်တာက ကျေးဇူးတင် စကားပြောကြားပြီး ခရေ၊ ကံ့ကော်၊ ပင်လယ်ကတိုး၊ ဇာဒိ၊ စွယ်တော်၊ အသောက၊ မဟော်ဂနီ စသည့်အပင်ပေါင်း ၃၀၀၀ ကျော်အား စုပေါင်းစိုက်ပျိုးပေးခဲ့ ကြကြောင်း သိရှိရသည်။ (ကြေးမုံ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၉-၇-၂၀၁၀ (သောကြာနေ့)

AM & PM

၅း၀၀ MRTV-4 အဖွင့် Logo
ပဌာန်းပါဠိတော်+
အာဋ္ဌာနာဋိယသုတ်
၅း၁၅ MRTV-4 သတင်း
၆း၀၀ "ဘဝချမ်းသာခြင်း၏အကြောင်း"
တရားတော်
(ဆရာတော်အရှင်အဂ္ဂသာရ)
၆း၅၅ ဆုတောင်းပြည့်အဓိဋ္ဌာန်အောင်
"မဟာရွှေသိမ်တော်"
၇း၀၀ MRTV-4 သတင်း
၇း၄၅ ရန်ကုန်မြင်ကွင်းကျယ်
(သရဝဏ်ပညာရေးဝန်ဆောင်မှု
လုပ်ငန်း၏ဂုဏ်ပြုဆုပေးပွဲ)
၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ**
"ပြောင်းလဲမရတဲ့အချစ်"
(အပိုင်း-၄၁)
၈း၃၀ နိဗ္ဗာန်အကျိုးသို့ မျှော်. . .
လှူဒါန်းနိုင်စေသော်
၈း၅၀ Activities in The City
- (ငါ. . မင်းကို. . .)
ရုပ်ရှင်ဇာတ်ကားကြီး
ကန်တော့ပွဲအခမ်းအနား
- အနုပညာမိသားစုများနှင့်
ကိုလူချောတို့အဖွဲ့
၉း၂၀ ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ
(ဒေါက်တာနိုက်တင်ဂေးလ်နှင့်
ဆွေးနွေးခန်း)
၉း၄၀ Movie Talk
(ဇာတ်သဘင်မှ ရုပ်ရှင်သို့
ကူးပြောင်းလာသည့်မင်းသမီးများ)
(အပိုင်း-၂)
(ဒါရိုက်တာ-ကြည်စိုးထွန်း)
၁၀း၂၀ မြန်မာစာ၊ မြန်မာစကား
၁၀း၃၅ ဖက်ရှင်လမ်းညွှန်
(ဒီဇိုင်နာတစ်ယောက်ရဲ့ခံစားမှု)
(အပိုင်း-၁)
၁၁း၀၅ မှိုအသားမျှင်တစ်သျှူးမျိုးပွားနည်း
၁၁း၂၀ ပန်းချီပြခန်း
(Assemblege ပန်းချီပြပွဲ)
၁၁း၃၀ သန့်လေးသန့်နှင့် အနုပညာရှင်များ
(ဒေါက်တာခင်မောင်လွင်၊
ဒါရိုက်တာကြည်စိုးထွန်း)
၁၂း၁၀ VJ Choice
၁၂း၃၅ နိဗ္ဗာန်အကျိုးသို့ မျှော်. . .
လှူဒါန်းနိုင်စေသော်
၁း၀၀ "ဘဝချမ်းသာခြင်း၏အကြောင်း"
တရားတော်
(ဆရာတော်အရှင်အဂ္ဂသာရ)
၂း၀၀ MRTV-4 သတင်း
၂း၄၅ သူတို့ပြောတဲ့သူတို့အကြောင်း
(သရုပ်ဆောင်ညီဂျော်
နှင့်တွေ့ဆုံခြင်း)
(အပိုင်း-၁)
၃း၁၅ ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ
(ဒေါက်တာနိုက်တင်ဂေးလ်နှင့်
ဆွေးနွေးခန်း)
၃း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ**
"ပြောင်းလဲမရတဲ့အချစ်"
(အပိုင်း-၄၁)
၄း၀၅ တေးဂီတအစီအစဉ်
၄း၂၀ Activities in The City
- (ငါ. . မင်းကို. . .)
ရုပ်ရှင်ဇာတ်ကားကြီး
ကန်တော့ပွဲအခမ်းအနား
- အနုပညာမိသားစုများနှင့်
ကိုလူချောတို့အဖွဲ့
၅း၀၀ မြန်မာ့လက်မှုအနုပညာ
(ထန်းပန်းချီ + ကျောက်စီပန်းချီ)
၅း၁၅ ရန်ကုန်မြင်ကွင်းကျယ်
(SAHAJA YOGA MUSIC
THERAPHY)
၅း၃၀ MRTV-4 ကာတွန်းအစီအစဉ်
၆း၀၀ MRTV-4 သတင်း
၆း၂၀ ဖက်ရှင်လမ်းညွှန်
(ဒီဇိုင်နာတစ်ယောက်ရဲ့ခံစားမှု)
(အပိုင်း-၁)
၆း၄၅ MRTV-4 ကျန်းမာရေးကဏ္ဍ
(ငှက်ဖျားရောဂါအကြောင်း
သိကောင်းစရာများ)
(ပါမောက္ခဒေါက်တာချစ်စိုး၊
ဒေါက်တာဇင်မေရှင်း၊
ဒေါက်တာချစ်သုဝေ၊ ချမ်းငြိမ်းသူ)
၇း၃၀ FMF Selection
၈း၀၀ MRTV-4 သတင်း
၈း၃၀ World of Knowledge
(Triumple of Life; Brain
Power)
၉း၂၀ ပန်းချီပြခန်း
(Assemblege ပန်းချီပြပွဲ)
၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ**
"ပြောင်းလဲမရတဲ့အချစ်"
(အပိုင်း-၄၁)
၁၀း၀၀ ဆင်စွယ်ပန်းပုအခြေပြု
လူ့လောကကိုအလှဆင်မည်
၁၀း၂၀ Sports World
၁၀း၄၅ VJ Choice
၁၁း၁၀ ကျေးဇူးတင်ပါတယ်ဒီအိုတီအက်စ်
(လွင်မိုး၊ ထွန်းထွန်းဝင်း၊
အိန္ဒြာကျော်ဇင်၊ ခင်သန်းနွယ်)
(ဒါရိုက်တာ-စိုးကျော်ဆန်း)
၁၁း၃၀ သူတို့ပြောတဲ့သူတို့အကြောင်း
(သရုပ်ဆောင်ညီဂျော်
နှင့်တွေ့ဆုံခြင်း)
(အပိုင်း-၁)
၁၁း၅၅ ရန်ကုန်မြင်ကွင်းကျယ်
(SAHAJA YOGA MUSIC
THERAPHY)
၁၂း၁၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်
၁း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

အမေရိကန်နှင့် ရုရှား သူလျှိုအကျဉ်းသားချင်း လဲလှယ်နိုင်ဖွယ်ရှိ

မော်စကို ဇူလိုင် ၈

အမေရိကန် ထောက်လှမ်းရေးအဖွဲ့အစည်းများအတွက် သူလျှိုလုပ်ငန်းများ လုပ်ဆောင်ပေးခဲ့မှုဖြင့် ရုရှားအစိုးရက ဖမ်းဆီးထားသော ရုရှားသိပ္ပံပညာရှင်တစ်ဦးအပါအဝင် အခြားအကျဉ်းသားကိုးဦးကို ပြီးခဲ့သည့်လအတွင်း အမေရိကန်နိုင်ငံက ဖမ်းဆီးခဲ့သော ရုရှားသူလျှိုအဖွဲ့ဝင်များနှင့် အပြန်အလှန်လဲလှယ်မည်ဖြစ်ကြောင်း ဗုဒ္ဓဟူးနေ့သတင်းများတွင် ဖော်ပြသည်။

မော်စကိုအခြေစိုက် အမေရိကန်နှင့်ကနေဒါသုခမိန် အဖွဲ့အစည်းတစ်ခုမှ အဖွဲ့ဝင်တစ်ဦးဖြစ်သော ရုရှား သုတေသနပညာရှင် အိုင်ဂါဆော့ယာဂျင်းသည် ၎င်းကိုထားရှိရာ အာတိတ်စက်ဝိုင်းဒေသအနီးရှိ အကျဉ်းထောင်မှ မော်စကိုမြို့သို့ ပြန်လည်ရောက်ရှိလာကြောင်း သိရသည်။

အဆိုပါ ရုရှားသိပ္ပံပညာကို ၂၀၀၄ခုနှစ်အတွင်းက ရုရှားရေငုပ်သင်္ဘောများနှင့် ဒုံးပျံများ ဖွံ့စည်းတည်ဆောက်မှုဆိုင်ရာ ထိပ်တန်းလျှို့ဝှက်အချက်အလက်များကို စီအိုင်အေ၏ လက်ဝေခံကုမ္ပဏီတစ်ခုထံ လွှဲပြောင်းပေးအပ်မှုဖြင့် ရုရှားအစိုးရက ထောင်ဒဏ် ၁၅ နှစ် အပြစ်ပေးခဲ့သည်။

သိက္ခာချရန်

အချို့သုံးသပ်သူများက ဆော့ယာဂျင်းသည် တရားဝင်ထုတ်ပြန်ထားသော အချက်အလက်များကိုသာ လွှဲပြောင်းပေးခဲ့ခြင်းဖြစ်ပြီး အနောက်နိုင်ငံများနှင့် ပူးပေါင်းသော ရုရှားသိပ္ပံပညာရှင်များကို သိက္ခာချရန် ရည်ရွယ်ချက်ဖြင့် ၎င်းအား ရုရှားအစိုးရက သူလျှိုမှုဖြင့် စွဲချက်တင်ခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

အင်တာနက်။

အာဖဂန်စစ်မြေပြင်၌ လက်လုပ်ဗုံး ရှင်းလင်းရေး လုပ်ငန်းများကို လုပ်ဆောင်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ပုံတူမျိုးပွားတိရစ္ဆာန်များမှ ထွက်ရှိသည့် အစားအစာများပိတ်ပင်ရေး

ဥရောပသမဂ္ဂနည်းလမ်းများရှာကြံနေ

စထရာဘွာ့ဂ်(ပြင်သစ်) ဇူလိုင် ၈

မျိုးရိုးဗီဇအင်ဂျင်နီယာပညာဖြင့် ဖန်တီးထားသော ပုံတူမျိုးပွားတိရစ္ဆာန်များမှ ထွက်ရှိသော အစားအသောက်များ ရောင်းဝယ်မှုကိုပိတ်ပင်ရန် ဥရောပပါလီမန်က ဗုဒ္ဓဟူးနေ့တွင် တောင်းဆိုလိုက်ကြောင်း သိရသည်။ အစားအစာထုတ်လုပ်မှု နည်းပညာသစ်များ၏ ကျင့်ဝတ်နှင့် လုံခြုံရေးကဲ့သို့သော ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဥရောပသမဂ္ဂအဖွဲ့က စိုးရိမ်ပူပန်လျက်ရှိသည်ဟု ဆိုသည်။

ပြင်သစ်နိုင်ငံ စထရာဘွာ့ဂ်မြို့၌ ကျင်းပခဲ့သော ဥရောပပါလီမန်အစည်းအဝေးက နာနိုနည်းပညာဖြင့် ထုတ်လုပ်ထားသော ပစ္စည်းများ ထည့်သွင်းသည့် အစားအသောက်များ ရောင်းချမှုကိုလည်း ယာယီအားဖြင့် ပိတ်ပင်ထားရန် တောင်းဆိုခဲ့သည်။

ပုံတူမျိုးပွားနည်းပညာရပ်အပါအဝင် အခြားနည်းပညာသစ်များကို အခြေခံထုတ်လုပ်သည့် အစားအသောက်များ ရောင်းချမှုကို စည်းမျဉ်းစည်းကမ်းများဖြင့် ကန့်သတ်ရန် ဥပဒေတစ်ရပ်ပြဋ္ဌာန်းရေးကို ဥရောပပါလီမန်အဖွဲ့ဝင်များက သဘောတူခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

ဥရောပနိုင်ငံများမှ အစိုးရအဖွဲ့များသည် နည်းပညာသစ်ဖြင့်ထုတ်လုပ်သော အစား အစာများနှင့်ပတ်သက်သော စည်းမျဉ်းစည်းကမ်းများကို အပြီးသတ်ရေးဆွဲနိုင်ရန် ဥရောပသမဂ္ဂပါလီမန်အမတ်များနှင့် ဆွေးနွေးလျက်ရှိသည်။

ပုံတူမျိုးပွားတိရစ္ဆာန်များမှထွက်ရှိသော အသားနှင့်နို့ထွက်ပစ္စည်းများကို အထူးခွင့်ပြုခြင်း၊ တားမြစ်ခြင်းကဲ့သို့သော ဥပဒေစည်းမျဉ်းများ ဥရောပသမဂ္ဂတွင် ကျင့်သုံးမှု မရှိသေးကြောင်း ဥရောပပါလီမန်၏ကြေညာချက်တွင် ဖော်ပြထားသည်။

အင်တာနက်။

အာဖဂန်စစ်မြေပြင်၌ လက်လုပ်ဗုံးအန္တရာယ် တန်ပြန်ကာကွယ်ရေး အမေရိကန်ပြည်ထောင်စု နှစ်ဆတိုးမြှင့်ဆောင်ရွက်မည်

ကဘူး ဇူလိုင် ၈

အာဖဂန်စစ်ပွဲကာလအတွင်း တာလီဘန်များသုံးစွဲနေသော လက်လုပ်ဗုံးများ၏အန္တရာယ်ကို တန်ပြန်ရင်ဆိုင်ရန်အတွက် ဒေါ်လာသုံးဘီလီယံတန်ကြေးရှိသောပစ္စည်းကိရိယာများကို အာဖဂန်စစ်မြေပြင်သို့ အမေရိကန်ပြည်ထောင်စုက ပေးပို့ဖြန့်ဝေမည်ဖြစ်ကြောင်း အမေရိကန်တာဝန်ရှိသူတစ်ဦးက ကြာသပတေးနေ့တွင် ပြောကြားသည်။

အာဖဂန်နစ္စတန်နိုင်ငံရှိ နိုင်ငံခြားတပ်ဖွဲ့များနှင့် အာဖဂန်အစိုးရတပ်ဖွဲ့များကို ထိုးနှက်တိုက်ခိုက်ရန်အတွက် လက်လုပ်ဗုံး (အိုင်အီးဒီ)များကို စစ်သွေးကြွများက တွင်တွင်ကျယ်ကျယ်အသုံးပြုလျက်ရှိသည်။

မိုင်းရှာစက်များ၊ ထောက်လှမ်းရေးကိရိယာများနှင့် သံချပ်ကာယာဉ်များနှင့်အတူ ၎င်းတို့အား ကိုင်တွယ်အသုံးပြုမည့် လက်လုပ်ဗုံးရှင်းလင်းရေး ကျွမ်းကျင်သူ ၁၀၀၀ခန့်တို့သည် လာမည့်လများအတွင်း အာဖဂန်စစ်မြေပြင်သို့ ရောက်ရှိမည်ဖြစ်ကြောင်း သတင်းတွင်ဖော်ပြထားသည်။ ယင်းကိရိယာများသည် အာဖဂန်စစ်မြေပြင်မှ တပ်ဖွဲ့များ၏ လက်လုပ်ဗုံးအန္တရာယ် တန်ပြန်ကာကွယ်ရေးစွမ်းရည်ကို နှစ်ဆမျှတိုးမြှင့်ပေးမည် ဖြစ်သည်။

လက်လုပ်ဗုံးများသည် ကိုးနှစ်ကြာအာဖဂန်စစ်ပွဲကာလအတွင်း နိုင်ငံခြားတပ်ဖွဲ့များရင်ဆိုင်ခဲ့ရသော အကြီးမားဆုံးခြိမ်းခြောက်မှု ဖြစ်သည်။ ယခုနှစ်အတွင်း၌ လက်လုပ်ဗုံးများကြောင့် သေဆုံးခဲ့ရသော နိုင်ငံခြားတပ်ဖွဲ့ဝင် ၃၃၀ကျော်ရှိခဲ့ပြီဖြစ်ပြီး အသက်မသေသူများမှာလည်း ဒုက္ခိတဘဝရောက်ခဲ့ကြရသည်။

လက်လုပ်ဗုံးပြုလုပ်ရာတွင် သုံးစွဲသော အမိုနီယမ်နိုက်ထရိတ်မှာ ပါကစ္စတန်နိုင်ငံမှတစ်ဆင့် ဝင်ရောက်ခြင်း ဖြစ်သည်။ အာဖဂန်အစိုးရသည် နိုင်ငံတွင်း အမိုနီယမ်နိုက်ထရိတ်အသုံးပြုမှုကို တားမြစ်ထားပြီး ယင်းတို့ ဝင်ရောက်ရာ နယ်စပ်ဒေသကိုလည်း တင်းတင်းကျပ်ကျပ် ပိတ်ဆို့ထားသည်။

အမ်အင်အေ၊ရိုက်တာ။

ကမ္ဘာ့ဖလားဘောလုံးပွဲ တရားမဝင်လောင်းကြေးငွေများ သိမ်းဆည်း

ဟောင်ကောင် ဇူလိုင် ၈

ကမ္ဘာ့ဖလားဘောလုံးပွဲပြိုင်ပွဲ ကာလအတွင်း တရားမဝင်ဘောလုံးလောင်းကစားမှုများကို ဟောင်ကောင်ရဲတပ်ဖွဲ့က နှိမ်နင်းခဲ့ရာ လောင်းကြေးငွေ အမေရိကန်ဒေါ်လာ ၃၅သန်းကို သိမ်းဆည်းနိုင်ခဲ့ကြောင်း ကြာသပတေးနေ့က ထုတ်ပြန်သော သတင်းတစ်ရပ်တွင် ဖော်ပြသည်။

လေးဆပိုများ

ကမ္ဘာ့ဖလားဘောလုံးပွဲပြိုင်ပွဲ စတင်ကျင်းပချိန်မှစ၍ ဟောင်ကောင်ရဲတပ်ဖွဲ့သည် ဘောလုံးလောင်းကစားမှုများကို နှိမ်နင်းခဲ့ရာ လောင်းကစားဒိုင် ၅၅ဦးကို ဖမ်းဆီးခဲ့ပြီး လောင်းကြေးငွေ ဟောင်ကောင်ဒေါ်လာသန်း ၂၇၀ (အမေရိကန်ဒေါ်လာ ၃၅သန်း)ကို သိမ်းဆည်းနိုင်ခဲ့ကြောင်း ယင်းသတင်းများတွင် ဖော်ပြသည်။ ယင်းလောင်းကြေးငွေပမာဏသည် ၂၀၀၆ ကမ္ဘာ့ဖလားပွဲ၌ သိမ်းဆည်းနိုင်ခဲ့သော လောင်းကြေးငွေထက် လေးဆမျှပိုများသည်ဟုဆိုသည်။

ဟောင်ကောင်ရဲတပ်ဖွဲ့က ယင်းသတင်းနှင့်ပတ်သက်၍ အတည်ပြုချက် မပေးသေးပေ။

ဟောင်ကောင်ဒေသ၌ ကမ္ဘာ့ဖလားဘောလုံးပွဲအပါအဝင် အားကစားပြိုင်ပွဲများကို တရားဝင်ဖွင့်လှစ်ထားသော လောင်းကစားဒိုင်များ၌ အလောင်းအစားပြုလုပ်နိုင်သည်။ သို့ရာတွင် တရားမဝင်ဖွင့်လှစ်ထားသော လောင်းကစားဒိုင်များသည် လောင်းကြေးငွေအဆပိုမိုပေးနိုင်ပြီး ငွေပေးချေမှုလည်း တရားဝင်ဖွင့်လှစ်သည့် လောင်းကစားဒိုင်များထက် ပိုမိုလွယ်ကူကြောင်းသိရသည်။

အင်တာနက်။

မက္ကဆီကိုနိုင်ငံ အရှေ့မြောက်ပိုင်း နျူဗိုလီယွန်ပြည်နယ် စီယူဒက် အန်နာဟွာမြို့၌ ရေကြီးမှုဖြစ်ပွားနေသည်ကို ဇူလိုင် ၇ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်၌ သုံးရက်အတွင်းဖြစ်ပွားခဲ့သော တိုက်ခိုက်မှုများကြောင့် သေဆုံးသူ ၆၈ ဦးထိရှိခဲ့ပြီး ဒဏ်ရာရသူ လေးရာကျော်ရှိခဲ့

ဘဂ္ဂဒက် ဇူလိုင် ၈

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ လွန်ခဲ့သည့် သုံးရက်တာအတွင်း ရှီးယိုက်ဘုရားဖူးအုပ်စုများကို ပစ်မှတ်ထားတိုက်ခိုက်မှုများ ဆက်တိုက်ဖြစ်ပွားခဲ့ရာ သေဆုံးသူအနည်းဆုံး ၆၈ ဦးရှိခဲ့ပြီဖြစ်ကြောင်း လုံခြုံရေးတာဝန်ရှိသူများက ကြာသပတေးနေ့တွင် ပြောကြားသည်။

ဘဂ္ဂဒက်မြို့တော်တောင်ဘက် အာဒါမီယာခရိုင်၌ ဖောက်ခွဲရေးပစ္စည်းများ တစ်ကိုယ်လုံး အပြည့်တပ်ဆင်ထားသော အသေခံဗုံးခွဲသမားတစ်ဦး၏ ဗုံးခွဲတိုက်ခိုက်မှုကြောင့် ဗုဒ္ဓဟူးနေ့ ညပိုင်း၌ ရှီးယိုက် ၂၈ ဦးသေဆုံးခဲ့ရသည်။ ရှီးယိုက်လူအုပ်စုကြီးသည် တိုက်ဂရစ်မြစ် တစ်ဖက်ကမ်းရှိ ဝတ်ကျောင်းတစ်ခုသို့ သွားရောက်ရန် တံတားတစ်စင်းပေါ် ဖြတ်သန်းနေကြစဉ် ယင်းကဲ့သို့တိုက်ခိုက်ခံခဲ့ရခြင်း ဖြစ်သည်။

အသေခံဗုံးခွဲသမား၏ တိုက်ခိုက်မှုကြောင့် ၁၃၆ ဦးဒဏ်ရာရရှိခဲ့ကြောင်း သတင်းများတွင် ဖော်ပြထားသည်။ အလားတူ ဗုဒ္ဓဟူးနေ့တွင်ပင် ဘဂ္ဂဒက်မြို့တွင်း ဖြစ်ပွားခဲ့သော အခြားတိုက်ခိုက်မှုများကြောင့် လူ ၁၁ ဦး ထပ်မံသေဆုံးခဲ့ရသည်။

ဝတ်ကျောင်းမှ အိမ်အပြန်ခရီးနှင်နေကြသော ရှီးယိုက်ထောင်ပေါင်းများစွာတို့ကို ထပ်မံတိုက်ခိုက်မှုများ ကြာသပတေးနေ့က ဆက်လက်ဖြစ်ပွားခဲ့ရာ ကိုးဦးသေဆုံးခဲ့ရပြီး အင်္ဂါနေ့က စတင်ဖြစ်ပွားခဲ့သည့် တိုက်ခိုက်မှုဖြစ်စဉ် အရပ်ရပ်ကြောင့် ဒဏ်ရာရရှိသူဦးရေမှာ ၄၀၀ ကျော်အထိ မြင့်တက်ခဲ့ကြောင်းသိရသည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ရှိ ရှီးယိုက်အုပ်စုကို ဗုံးခွဲတိုက်ခိုက်ခဲ့ပြီးနောက် ကျန်ရှိသော အပျက်အစီး များကို ဇူလိုင် ၈ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အစ္စရေးဝန်ကြီးချုပ်၏ အမေရိကန်ခရီးစဉ်အတွင်း

သက်တော်စောင့်၏လက်နက်များပျောက်ဆုံး

ဂျေရုဆလင် ဇူလိုင် ၈

အမေရိကန်ပြည်ထောင်စု၌ ရောက်ရှိနေသော အစ္စရေးဝန်ကြီးချုပ်အား အနီးကပ်စောင့်ရှောက်လိုက်ပါလျက်ရှိသူ သက်တော်စောင့်တစ်ဦး၏ ခရီးဆောင်အိတ်အတွင်းရှိ ပစ္စတိုသေနတ်လေးလက် ပျောက်ဆုံးခဲ့သည်ဟု အစ္စရေးလုံခြုံရေးတာဝန်ရှိသူများက ထုတ်ဖော်ပြောကြားကြောင်း ဗုဒ္ဓဟူးနေ့သတင်းများတွင် ဖော်ပြသည်။

အစ္စရေးပြည်တွင်းလုံခြုံရေးဌာနတစ်ခုဖြစ်သော ရှင်းဘတ်ထောက်လှမ်းရေးအဖွဲ့၏ ပြောကြားချက်အရ အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့မှ နယူးယောက်မြို့သို့ ပျံသန်းသောလေယာဉ်ခရီးစဉ်၌ ဝန်ကြီးချုပ်သက်တော်စောင့်၏ ခရီးဆောင်အိတ်အတွင်းမှ ကိုးမီလီမီတာပစ္စတိုများ ပျောက်ဆုံးနေကြောင်း စစ်ဆေးတွေ့ရှိခဲ့ရသည်ဟု သိရသည်။

မည်သည့်အကြောင်းကြောင့် ယင်းလက်နက်များပျောက်ဆုံးခဲ့သည်ကို အဖြေမရှာနိုင်သေးကြောင်း ရှင်းဘတ်ထောက်လှမ်းရေးအဖွဲ့ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အစ္စရေးဝန်ကြီးချုပ်သည် အင်္ဂါနေ့က အမေရိကန်သမ္မတနှင့် ဝါရှင်တန်မြို့ အိမ်ဖြူတော်၌ တွေ့ဆုံခဲ့ပြီးနောက် အမေရိကန်ဂျူးခေါင်းဆောင်များနှင့်တွေ့ဆုံရန် နယူးယောက်သို့ လေကြောင်းခရီးဖြင့် သွားရောက်ခဲ့ခြင်းဖြစ်သည်။

လက်နက်များပျောက်ဆုံးမှုနှင့်ပတ်သက်၍ အစ္စရေးနှင့် အမေရိကန်တာဝန်ရှိသူများက စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

အင်တာနက်။

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲနှင့် ငါးမျိုးစိုက်ထည့်ပွဲ ကျင်းပ

နေပြည်တော် ဇူလိုင် ၈

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ၂၀၁၀ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲနှင့် ငါးမျိုးစိုက်ထည့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီးရုံးနှင့် ဝန်ကြီးရုံး၏ ပရဝဏ်၊ နေပြည်တော် ဗဟိုစာတိုက်ကြီးနှင့် နေပြည်တော် အိတ်ချိန်းရုံးတို့၌ ကျင်းပသည်။

ရှေးဦးစွာ ဝန်ကြီး ဦးသိန်းဇော်နှင့် ဇနီး ဒေါ်မူမူဝင်းတို့က အင်ကြင်းပင်ကို စိုက်ပျိုးပေးကြပြီး ဒုတိယဝန်ကြီး ဦးသိန်းထွန်းက အင်ကြင်းပင်ကို စိုက်ပျိုးပေးသည်။ ဆက်လက်၍ ဦးဆောင်ညွှန်ကြားရေးမှူး၊ ညွှန်ကြားရေးမှူးချုပ်၊ အထွေထွေမန်နေဂျာနှင့် ဌာနကြီးမှူးများက ရွှေသပြေပင်များကို စုပေါင်းစိုက်ပျိုးပေးကြသည်။ ထို့နောက် ဝန်ကြီးသည် ဝန်ထမ်းများ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ငါးမျိုးစိုက်ထည့်ပွဲကို ဝန်ကြီးရုံး လျှိုပိတ်ဆည်၌ ဆက်လက်ကျင်းပရာ ဝန်ကြီးနှင့်ဇနီး၊ ဒုတိယဝန်ကြီးနှင့် ဌာနကြီးမှူးများက ငါးသားပေါက်မျိုးစုံကို စိုက်ထည့်ပေးကြသည်။

အလားတူ နေပြည်တော် စာတိုက်ကြီးနှင့် နေပြည်တော် အိတ်ချိန်းတို့၌လည်း သစ်ပင်စိုက်ပျိုးပွဲ ကျင်းပရာ ဒုတိယဝန်ကြီး ဦးသိန်းထွန်း တက်ရောက်၍ အထိမ်းအမှတ်သစ်ပင်ကို စိုက်ပျိုးပေးပြီး ဝန်ထမ်းများ သစ်ပင်စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးသည်။ အဆိုပါ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲများတွင် အင်ကြင်း၊ ရွှေသပြေ၊ တမာ၊ ရေတမာ၊ ကံ့ကော်၊ စိန်တလုံးသရက်နှင့် ပိန္နဲပင်များ စိုက်ပျိုးခဲ့ကြပြီး ရွှေဝါငါးကြင်း၊ တီလားဗီးလား၊ ငါးခုံးမ၊ ငါးမြစ်ချင်း၊ ငါးခူ၊ ငါးကျည်း၊ ငါးကြင်းဖြူများ စိုက်ထည့်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဇော်နှင့်ဇနီး ဒေါ်မူမူဝင်းတို့ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ၂၀၁၀ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲနှင့် ငါးမျိုးစိုက်ထည့်ပွဲတွင် အင်ကြင်းပင်ကို စိုက်ပျိုးပေးစဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံပြန်တမ်း

နေပြည်တော် ဇူလိုင် ၈

၁။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲများအား အစမ်းခန့်ကာလ(၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

	အမည်	**ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲ ရာထူး၊ ဌာန**
(က)	ဦးဝင်းမြင့်	ညွှန်ကြားရေးမှူးချုပ် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန သမဝါယမဝန်ကြီးဌာန
(ခ)	ဦးခင်မောင်ဇော်	ညွှန်ကြားရေးမှူးချုပ် လျှပ်စစ်စွမ်းအားဦးစီးဌာန အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
(ဂ)	ဒေါက်တာသန်းဇော်မြင့်	ညွှန်ကြားရေးမှူးချုပ် ဆေးသိပ္ပံပညာဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန

၂။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် သမဝါယမဝန်ကြီးဌာန ဖောင်ကြီးသမဝါယမကောလိပ်မှ ဒုတိယကျောင်းအုပ်ကြီး ဦးအေးကျော်အား ယင်းကောလိပ်ကျောင်းအုပ်ကြီးအဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အခမ်းအနားနှင့် အထိမ်းအမှတ်အဖြစ် ပြည်နယ်အဆင့် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ၊ စာစီစာကုံးပြိုင်ပွဲဝင်များ ဆုချီးမြှင့်ပွဲကို ဇွန် ၂၆ ရက်က မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပရာ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဝင်းကြည် အလယ်တန်းအဆင့် ကာတွန်းပြိုင်ပွဲတွင် ဒုတိယဆုနှင့် ပိုစတာပြိုင်ပွဲတွင် ပထမဆုရ မော်လမြိုင်မြို့ အထက(၆) ပဥ္စမတန်းမှ မောင်ဥက္ကာကျော်အား ဆုချီးမြှင့်စဉ်။

(၁၀၇)

ဇွန် ၁၂ ရက်က ထားဝယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မင်္ဂလာဈေး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်ထားရှိမှု အခြေအနေကို တနင်္သာရီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးလှမျိုး ကြည့်ရှုစစ်ဆေးရာ ထားဝယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ကျော်စိုး ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

အိမ်ရာအဆောက်အအုံနှင့် နေထိုင်မှုပြပွဲ (၂၀၁၀) ကျင်းပမည်

ရန်ကုန် ဇူလိုင် ၈

IEMS Company Limited သည် အိမ်ရာအဆောက်အအုံနှင့် နေထိုင်မှုပြပွဲ (၂၀၁၀) HOUSING & LIVING 2010 ပြပွဲကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဇူလိုင် ၂၄ ရက်မှ ၂၇ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ပြပွဲတွင် Shine Construction Co., Ltd. မှ အိမ်ရာပုံစံအရောင်းပြခန်းများ၊ Champion Construction Material နှင့် Tiger Supply တို့မှ ဆောက်လုပ်ရေးသုံးပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းအမျိုးမျိုး၊ SOSUCO Tile မှ COTTO တံဆိပ် ကြွေပြားကျောက်ပြားများ၊ SANFOCO, Myanmar May Kaung, Scene Living, Universal Light, Unltek, Scancian, Ocean Glory, စိန်နှင့်မြ Gold Coil, Star Tek နှင့် Gold Home Familyတို့မှ ခေတ်မီဆန်းသစ်သော Luxury ပရိဘောဂများနှင့် အရောင်တင်ဆေးများ၊ King Mental, Southern Ocean, Modern Tech (Deco Land) နှင့် Aluminium Empire တို့မှ Aluminium Composite Panel များနှင့် ကြမ်းခင်းအမျိုးမျိုး၊ Tharaphee, Maruart နှင့် Home Distribution Group တို့မှ Korea Liminate Floor နှင့် Materials ပစ္စည်းအမျိုးမျိုး၊ Grand Elephant မှ PVC ပိုက်နှင့် ဆက်စပ်ပစ္စည်းများ၊ Super Lamp မှ စွမ်းအင်ချွေတာသည့် မီးချောင်းနှင့် မီးသီးများ၊ MYANMAR THIHA CO.,LTD. မှ RAIN FLOWER တံဆိပ် မီးသတ်ဆေးဘူးများနှင့် Gas Stove များ ခင်းကျင်းပြသမည်ဖြစ်ပြီး ပြပွဲတွင် ဖျော်ဖြေရေးအစီအစဉ်များအပြင် နေ့စဉ်အဝတ်လျှော်စက် ကံစမ်းမဲဖွင့်လှစ်ပေးမည်ဖြစ်ကာ အသေးစိတ်သိရှိလိုပါက ဖုန်း-၇၃၀၄၃၅၈၈ သို့ ဆက်သွယ် မေးမြန်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မအူပင်ခရိုင် ကျန်းမာရေးဦးစီးဌာန မအူပင်မြို့နယ် အခြေခံကျန်းမာရေးဝန်ထမ်းများက မအူပင်ပြည်သူ့ဆေးရုံကြီး စဉ်ဆက်မပြတ် ဆေးပညာသင်ကြားရေးတွင် အသုံးပြုရန်အတွက် ကျပ်ကိုးသိန်း တန်ဖိုးရှိ LCD PROJECTOR တစ်စုံအား ဇွန် ၃၀ ရက်တွင် ဆေးရုံကြီးအစည်းအဝေးခန်းမ၌ လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာထွန်းမြင့် လက်ခံရယူစဉ်။

(ကြေးမုံ)

မကွေးမြို့နယ်အသင်း(ရန်ကုန်) စုပေါင်းလှူဒါန်းပွဲ ဂုဏ်ပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၈

စုပေါင်းလှူဒါန်းပွဲ၊ အသက်(၇၅)နှစ်အထက် သက်ကြီးများအား ပူဇော်ကန်တော့ခြင်းနှင့် ၂၀၀၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ကြသော အသင်းဝင်များ၏ သားသမီးများ ဂုဏ်ပြုဆုချီးမြှင့်ခြင်းနှင့် နိုင်ငံတော်စာပေဆု(၂၀၀၉) ဝတ္ထုတိုပေါင်းချုပ် ပထမဆုရ စာရေးဆရာ၊ ကဗျာဆရာ မြေလတ်မင်းလွင်အား ဂုဏ်ပြုမည်ဖြစ်ရာ ဇူလိုင် ၃၁ ရက် နံနက် ၉ နာရီတွင် စမ်းချောင်းမြို့နယ် နေနတ်သားစာသင်တိုက်၌ အသင်းသူ၊ အသင်းသားများအား နေ့လယ်စာ ရွှေတောင်ခေါက်ဆွဲဖြင့် ဧည့်ခံကျွေးမွေးမည်ဖြစ်သည်။ ဂုဏ်ထူးရ သားသမီးများစာရင်းကို ဇူလိုင် ၂၃ ရက် (သောကြာနေ့) နောက်ဆုံးထားပြီး ပေးပို့ကြပါရန်နှင့် အဆိုပါအခမ်းအနားသို့ မကွေးမြို့နယ်သူ၊ မြို့နယ်သားများအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ၊ အသင်းမဝင်ရသေးသူဖြစ်စေ တက်ရောက်ကြရန်နှင့် ဥက္ကဋ္ဌ ဦးအေးကို ဖုန်း-၆၈၁၁၁၃၊ ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသော ဦးကြည်မောင် ဖုန်း-၅၇၈၃၁၅၊ ဦးကြည်စိုး ဖုန်း-၀၉-၅၁၂၇၅၁နှင့် ဦးစစ်သိန်း ဖုန်း-၆၄၀၄၀၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

ရမ်းပြဲမြို့နယ်အသင်း(ရန်ကုန်)စုပေါင်းလှူဒါန်းပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၈

ရမ်းပြဲမြို့နယ်အသင်း(ရန်ကုန်)၏ သတ္တမအကြိမ်မြောက် စုပေါင်းလှူဒါန်းပွဲ အခမ်းအနားကို ဇူလိုင် ၂၅ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်အရှေ့ဘက်မုခ်ရှိ ရခိုင်ပြည်နယ်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ ရမ်းပြဲမြို့နယ်သူ၊ မြို့နယ်သားများနှင့် အသင်းဝင်များ မပျက်မကွက်ကြွရောက်ကြပါရန်နှင့် ပါဝင်လှူဒါန်းလိုသူများသည် အသင်းဥက္ကဋ္ဌ ဦးချမ်းမောင် ဖုန်း-၅၂၁၂၅၃၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးသန်းနိုင် ဖုန်း-၀၉-၉၂၄၃၆၃၊ ဦးဘိုးတင် ဖုန်း-၂၉၅၀၉၄၊ အတွင်းရေးမှူး ဦးအောင်ကျော်ဦး ဖုန်း-၀၉-၅၀၁၄၂၆၄နှင့် ဘဏ္ဍာရေးမှူး ဦးမြတင် ဖုန်း-၀၉-၅၁၉၆-၂၅၃ တို့သို့ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

CNG သုံးစွဲမှုသတိမူစရာ ပညာပေးဟောပြော

ရန်ကုန် ဇူလိုင် ၈

မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ(ရန်ကုန်တိုင်း)၏ စီစဉ်မှုဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာနှင့် ဆက်နွှယ်ပြီး CNG သုံးစွဲမှု သတိမူစရာ ပညာပေးဟောပြောပွဲကို ဇူလိုင် ၅ ရက်က မထသ(ရုံးချုပ်) သင်တန်းခန်းမ၌ ကျင်းပရာ တာဝန်ရှိသူများ၊ ယာဉ်ပိုင်ရှင်များ၊ ယာဉ်မောင်းများနှင့် ယာဉ်လုပ်သားများ တက်ရောက်ကြပြီး မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌက အမှာစကားပြောကြားသည်။

ထို့နောက် မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဒုတိယအထွေထွေမန်နေဂျာ ဦးကိုလေးက CNG သုံးစွဲယာဉ်များ ပစ္စည်းတပ်ဆင်ရာ၌ စံချိန်စံညွှန်းကိုက်ညီသော ပစ္စည်းကိရိယာများဖြစ်ရေးနှင့် သိရှိသင့်သည်များကို ဟောပြောခဲ့သည်။

(မထသရုံးချုပ်)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၁၀ခုနှစ် ဇူလိုင်လအတွက်

(၁၁-၇-၂၀၁၀)ရက်နေ့

နှင့်

(၂၅-၇-၂၀၁၀)ရက်နေ့

ဘဏ်များကြီးကြပ်ရေးကော်မတီနှင့် မြန်မာနိုင်ငံဘဏ်များအသင်း

အမှုဆောင်အဖွဲ့(၁၁၉)ကြိမ်မြောက် အစည်းအဝေး ကျင်းပ

နေပြည်တော် ဇူလိုင် ၈

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဘဏ်များကြီးကြပ်ရေးကော်မတီနှင့် မြန်မာနိုင်ငံဘဏ်များအသင်း အမှုဆောင်အဖွဲ့၏ (၁၁၉)ကြိမ်မြောက် အစည်းအဝေးကို ဇူလိုင် ၂ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနဝန်ကြီး ဦးလှထွန်း တက်ရောက်၍ အမှာစကားပြောကြားရာ၌ ဘဏ်လုပ်ငန်းကဏ္ဍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် မြန်မာနိုင်ငံဘဏ်များအသင်းများမှ တာဝန်ရှိသူများကို လစဉ်တွေ့ဆုံခြင်းဖြစ်ကြောင်း၊ ယခုဘဏ္ဍာနှစ်သစ်တွင် ၂၀၀၉-၂၀၁၀ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ခဲ့သည့် ဘဏ်လုပ်ငန်းများအပေါ် ပြန်လည်သုံးသပ်လုပ်ဆောင်ကြဖို့လိုကြောင်း၊ ဘဏ်နှင့် ငွေရေးကြေးရေးလုပ်ငန်းများကို သက်ဆိုင်ရာဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများအတိုင်း ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် တည်ငြိမ်ခိုင်မာသည့် အခြေခံကောင်းများမှတစ်ဆင့် ဖြစ်ထွန်းတိုးတက်မှုများ ရရှိလာမည်ဖြစ်ကြောင်း၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ခေတ်မီနည်းပညာများ အကျိုးရှိစွာအသုံးပြုနိုင်ရေး လုပ်ငန်းများ အကောင်အထည်ဖော်လျက်ရှိရာ ထိုအခြေအနေကောင်းများမှ e- Banking System ကို ထိရောက်စွာ အသုံးချနိုင်ရေး ကြိုးပမ်းကြရန် ဖြစ်ကြောင်း၊ ဘဏ်လုပ်ငန်းကဏ္ဍ မြင့်မားလာပါက ပြည်သူတို့၏ အကျိုးစီးပွားဖွံ့ဖြိုးတိုးတက်လာသကဲ့သို့ လုပ်ငန်းရှင်များ၏ အကျိုးစီးပွားသည်လည်း ပိုမိုဖွံ့ဖြိုးလာမည်ဖြစ်သဖြင့် မျှတစွာ ကြိုးပမ်းဆောင်ရွက်ကြရန်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။ (အောက်ပုံ)

ထို့နောက် ဒုတိယဝန်ကြီး ဦးလှသိန်းဆွေနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးသန်းညိန်းတို့က ဘဏ်လုပ်ငန်းဆိုင်ရာများ ဆွေးနွေးပြောကြားကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံဘဏ်များအသင်းမှ အမှုဆောင်အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက ရှင်းလင်းဆွေးနွေးကြပြီး နိုင်ငံတော်ပိုင်ဘဏ်များမှ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ပုဂ္ဂလိကပိုင်ဘဏ်များမှ ဥက္ကဋ္ဌများ၊ အုပ်ချုပ်မှုဒါရိုက်တာများက ယခုလအတွင်း ဘဏ်လုပ်ငန်းဆိုင်ရာ ဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ကြီးက နိဂုံးချုပ် အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၉-၇-၂၀၁၀ (သောကြာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ တရားတော်
- ၇း၁၀ ၃။ ဓမ္မပူဇာတေး
- ၇း၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇း၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြား သတင်း
- ၈း၁၀ ၉။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၄၀ ၃။ မြတ်နိုးကြစေ အမျိုးသားအမွေ
- ၄း၄၅ ၄။ ရင်ခုန်စီးဆင်း အချစ်သီချင်း
- ၄း၅၀ ၅။ မဟာဂီတချိုကြည်မြ
- ၅း၀၀ ၆။ မျိုးချစ်တပ်မတော်
- ၅း၀၅ ၇။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၅း၁၅ ၈။ အလွမ်းတေးပန်းချီ ချစ်သူဆီ
- ၅း၂၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၃၀ ၁၀။ သဘာဝပတ်ဝန်းကျင်နှင့် တောတွင်းတိရစ္ဆာန်များ -လွင်ပြင်ထဲကခြင်္သေ့များ (အပိုင်း-၁)
- ၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၆း၂၅ ၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
- ၆း၃၀ ၁၄။ **"ရွာ"ဟာသဇာတ်လမ်းတွဲ -မြေးအနှစ် (သရုပ်ဆောင်-ပေါ်လေး၊ နွဲ့နွဲ့စန်း) (ဒါရိုက်တာ-မိုးဇော်ကို)**
- ၆း၅၀ ၁၅။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
- ၇း၀၀ ၁၆။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ရင်နှစ်သည်းချာ (အပိုင်း-၄၆)**
- ၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြား သတင်း
- ၁၈။ နိုင်ငံတကာသတင်း
- ၁၉။ မိုးလေဝသသတင်း
- ၂၀။ အမျိုးသားရေးတေးကဗျာ
- ၂၁။ ရှင်သန်နေသောသီချင်းများ
- ၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၃။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ကမ္ဘာ့ဦးတွင်မယ့် ချင်သူရဲကောင်း (အပိုင်း-၃၃)**
- ၂၄။ သင့်အတွက်မနက်ဖြန်
- ၂၅။ အပိတ်နှုတ်ဆက်စကား
- ၂၆။ ပြီးပါပြီ။

တောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ကုန်ခြောက်သားငါးဈေး၌ ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို ကျန်းမာရေးမှူး-၂ ဦးမြတ်သူ၊ ဒုတိယဦးစီးမှူး (ဈေး) ဦးသန်းထွန်း၊ ဒုတိယဦးစီးမှူး(သန့်) ဦးမျိုးလွင်နှင့် အဖွဲ့ဝင်ထမ်းများပူးပေါင်း ဆောင်ရွက်ရာ အမှုဆောင်အရာရှိ (ဒုတိယညွှန်ကြားရေးမှူး) ဦးအောင်မြင့် ကြီးကြပ်ဆောင်ရွက်စဉ်။ (သတင်းစဉ်)

ဆရာဝန်အသင်း သင်တန်းပို့ချမည်

ရန်ကုန် ဇူလိုင် ၈

မြန်မာနိုင်ငံဆရာဝန်အသင်း စဉ်ဆက်မပြတ် ဆေးပညာသင်ကြားရေးယူနစ် (CME) မှ အထွေထွေရောဂါကု ဆရာဝန်များအတွက် Diagnostic Medical-Surgical Procedures (2010) သင်တန်းကို ဇူလိုင် ၃၁ ရက်မှ အောက်တိုဘာ ၁၇ ရက်အထိ (စနေ၊ တနင်္ဂနွေ)နေ့များတွင် မွန်းတည့် ၁၂ နာရီမှ ညနေ ၃ နာရီအထိ သင်တန်းပို့ချမည်ဖြစ်သည်။ သင်တန်းတွင် ပါဝင်ကူညီကြမည့် ဆေးကုမ္ပဏီများကို တွေ့ဆုံဆွေးနွေးလိုပါသဖြင့် ဇူလိုင် ၁၄ ရက် မွန်းလွဲ ၁ နာရီတွင် မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင်(ဘီ)သို့ လာရောက်ကြပါရန်နှင့် သင်တန်းတက်ရောက်လိုသော ဆရာဝန်များသည် ဇူလိုင် ၂၀ ရက်မှ ၂၂ ရက်အတွင်း နံနက် ၁၀ နာရီမှ ညနေ ၃ နာရီအထိ တက်ရောက်မည့်သူကိုယ်တိုင် လိုင်စင်ဓာတ်ပုံလေးပုံဖြင့် စာရင်းသွင်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ် လေးဒေါင့်ကန်ရပ်ကွက် ကန်တော်မွန်အိမ်ရာနေ ကွယ်လွန်သူ ဒေါ်ခင်နှင်းအေးအား ရည်စူး၍ ဗိုလ်မှူးချုပ်မျိုးလှ(ငြိမ်း)၊ ဦးလင်းမြင့်အောင်-ဒေါ်စုစန္ဒီမျိုးလှ၊ ဦးပြည်ဖြိုးဆယ်-ဒေါ်စုစန္ဒာမျိုးလှ မိသားစုနှင့် မောင်နှမဆွေမျိုးများက ထာဝရဆေးပဒေသာပင်နှင့် ထာဝရအထွေထွေပဒေသာပင်အတွက် ငွေကျပ်ငါးသိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းသံလွင်ဌာန၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ဝန်ထမ်းသားသမီးများ ပညာသင်ထောက်ပံ့ခြင်း၊ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်သူများအား ဆုချီးမြှင့်ခြင်းနှင့် သက်ပြည့်ပင်စင်စား ဝန်ထမ်းကောင်းတစ်ဦးအား ဂုဏ်ပြုချီးမြှင့်ခြင်း အခမ်းအနားကို ဇူလိုင် ၅ ရက်က ကျင်းပရာ လက်ထောက်အထွေထွေမန်နေဂျာ ဦးကျော်ဆန်းဝင်း အမှာစကားပြောကြားစဉ်။ (သတင်း-ဖော်ပြပြီး) (သတင်းစဉ်)

ငါးရစ်
ငါးသန်
ဘေးမဲ့ချန်
ပုံမှန်စားသုံး
မျိုးမသုဉ်း

၂၀၁၀ ခုနှစ် ဇူလိုင်လ ဒုတိယ ၁၀ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

နေပြည်တော် ဇူလိုင် ၈

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းတစ်ကြိမ် ဖြစ်ပေါ်နိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနိုင်သည်။

မိုးအခြေအနေ

ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ရွာသွန်းမှုထက်ပိုပြီး ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် ရွာသွန်းမှုအောက်လျော့ကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် ရွာသွန်းမှုခန့်ရွာနိုင်သည်။

မြစ်ရေအခြေအနေ

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့နှင့် ကသာမြို့တို့တွင် ၁၂၀ စင်တီမီတာ (လေးပေခန့်)၊ မန္တလေးမြို့နှင့် စစ်ကိုင်းမြို့တို့တွင် ၉၀ စင်တီမီတာ (သုံးပေခန့်)နှင့် ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့နှင့် ဟင်္သာတမြို့တို့တွင် ၆၀ စင်တီမီတာ (နှစ်ပေခန့်)လက်ရှိရေမှတ်များ၏ အထက် မြင့်တက်လာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့နှင့် ဟုမ္မလင်းမြို့တို့တွင် ၁၅၀ စင်တီမီတာ (ငါးပေခန့်)နှင့် မော်လိုက်မြို့၊ ကလေးဝမြို့နှင့် မုံရွာမြို့တို့တွင် ၁၂၀ စင်တီမီတာ (လေးပေခန့်) လက်ရှိရေမှတ်များ၏အထက် မြင့်တက်လာနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

ငါးနှင့်ရေနေသတ္တဝါ မပြုန်းတီးရေး ဆောင်ရွက်

မော်လမြိုင်ကျွန်း ဇူလိုင် ၈

ဧရာဝတီတိုင်း ငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် မော်လမြိုင်ကျွန်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးမြင့်အေး၊ လက်ထောက်ဦးစီးမှူး ဦးအောင်သူဦးနှင့် ဝန်ထမ်းများသည် မြို့နယ်အတွင်းမှ ရေထွက်ပစ္စည်းများ သယ်ယူပို့ဆောင်မှုများအား ကွင်းဆင်းစစ်ဆေးဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၆ ရက် ညနေ၃ နာရီက မော်လမြိုင်ကျွန်းမြို့မှ ရန်ကုန်မြို့သို့ ပြေးဆွဲခုတ်မောင်းမည့် ပုဂ္ဂလိကပိုင်ခရီးသည်တင် ရွှေမြိုင်အောင် ရေယာဉ်ပေါ်တွင် အရွယ်မမီ ကဏန်းငယ်ကောင်ရေ ၃၆၀၀ တင်ဆောင်ထားကြောင်း စစ်ဆေးတွေ့ရှိခဲ့သည်။

အဆိုပါ အရွယ်မမီ ကဏန်းငယ်များအား ငါးနှင့် ရေနေသယံဇာတများ မပြုန်းတီးစေရေးအတွက် မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ မော်လမြိုင်ကျွန်းမြို့ တုံးလှဲချောင်းမြစ်အတွင်း ညနေ ၄ နာရီတွင် ပြန်လည်လွှတ်ပေးခဲ့ကြောင်း သိရသည်။

(၃၆၄)

ဝန်ကြီး ဦးဉာဏ်ဝင်းအား ဘရာဇီးသံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၈

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းအား ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ရုံးစိုက်သည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဘရာဇီးဖက်ဒရယ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ အဂ္ဂ တဲလ်လက်စ် ရီဘိုင်ရိုသည် ယနေ့ ညနေ ၅ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံ၍ မြန်မာနိုင်ငံနှင့် ဘရာဇီးနိုင်ငံတို့အကြား နှစ်နိုင်ငံဆက်ဆံရေး ပိုမိုမြှင့်တင်ရေး ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ယင်းသို့တွေ့ဆုံရာတွင် နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်တင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းအောင် သစ်တောရေးရာဝန်ကြီးဌာနက ထိုင်းနိုင်ငံ Zoological Park Organization (ZPO, Thailand) သို့ လှူဒါန်းသော ရွှေသမင်နှစ်စုံနှင့် ကြယ်လိပ်ငါးစုံ လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

☆ **ရှေ့ဖုံးမှ**

ZPO, Thailand ညွှန်ကြားရေးမှူးချုပ် Mr. Sophon Dumnui ထံ လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် ထိုင်း-မြန်မာချစ်ကြည်ရေးအသင်း ဥက္ကဋ္ဌ General Lertrat Ratanavanich က ကျေးဇူးတင်စကားပြောကြားပြီး ဝန်ကြီးထံ အမှတ်တရ လက်ဆောင်ပစ္စည်းပေးအပ်ကာ စုပေါင်းဓာတ်ပုံရိုက်သည်။

အခမ်းအနားသို့ သစ်တောရေးရာဝန်ကြီးဌာနအောက်ရှိ လုပ်ငန်းနှင့် ဦးစီးဌာနများမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပါမောက္ခချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယပါမောက္ခချုပ်များနှင့် ညွှန်ကြားရေးမှူးများ၊ ထိုင်း-မြန်မာ ချစ်ကြည်ရေးအသင်း ဥက္ကဋ္ဌ General Lertrat Ratanavanich, ZPO, Thailand ညွှန်ကြားရေးမှူးချုပ် Mr. Sophon Dumnui ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံရုံးမှ Second Secretary Mr.Roongruk Chanprasert၊ ထိုင်းနိုင်ငံမှကိုယ်စားလှယ် အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဘရာဇီးဖက်ဒရယ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ အဂ္ဂ တဲလ်လက်စ် ရီဘိုင်ရို လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

ကြည့်ရှုန်းစီစဉ်တည်းဖြတ်သော အသုံးချအီဒီယံစကားပြောစာအုပ် ဖြန့်ချိ

ရန်ကုန် ဇူလိုင် ၈

စာရေးဆရာ ကြည့်ရှုန်း တည်းဖြတ်သော Wisdom House စာတည်း အဖွဲ့က ပြုစုသည့် အသုံးချအီဒီယံစကားပြောစာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရသည်။ **(အောက်ပုံ)**



ယင်းစာအုပ်သည် အီဘာဒင်တက္ကသိုလ်ဘွဲ့ရ Betty Kirkpatrick MA ရေးသားပြုစုသော Everyday Idioms စာအုပ်ကို မြန်မာစာသင်သားလေ့လာသူများ လက်တွေ့အသုံးပြုနိုင်ရန် မြန်မာပြန်ဆိုတည်းဖြတ်ထားသော စာအုပ်ဖြစ်သည်။ အင်္ဂလိပ်စာလေ့လာနေသူများ အများဆုံး အခက်ကြုံရတတ်သော နေ့စဉ်သုံးပြောစကားများတွင် ပါဝင်သည့် အီဒီယံများကို လက်တွေ့ဥပမာဇာတ်လမ်း၊ နေ့စဉ်သုံးစွဲပုံ ဥပမာ ရှင်းလင်းချက်များအပြင် လေ့ကျင့် ခန်းများနှင့်တကွ အခန်းပေါင်း ၃၀ ဖြင့် အကျယ် ရှင်းလင်းပေးထားသည်။

လူမျိုးတိုင်း၊ ဘာသာစကားတိုင်းတွင် ဗန်းစကားများ၊ အီဒီယံများစသော expressions များ ပါဝင်နေသည့်အတွက် သက်ဆိုင်ရာ ထိုအသုံးများကို သိထားမှ လက်တွေ့ကျင့်သုံး ပြောဆိုဆက်ဆံနိုင်မည်ဖြစ်သည်။ ထိုအီဒီယံအသုံးများသည် သမားရိုးကျ သဒ္ဒါစည်းကမ်းနှင့် တစ်သဝေမတိမ်း တူညီမှု မရှိတတ်သဖြင့် ထိုအသုံးတို့ကို ကြိုတင်လေ့လာသိရှိထားမှ အံဝင်ခွင်ကျ သုံးနှုန်းနိုင်ပေသည်။ အီဒီယံဟူသည် ကာလဒေသအလိုက် သုံးနှုန်းပုံ၊ ဓလေ့သုံးစကား၊ ရှုဋ္ဌိစကား၊ ဥပမာစကား စသဖြင့် အဓိပ္ပာယ်ရပြီး စကားစုတစ်စုတွင်ပါသော ပုဒ်တစ်လုံးစီတိုင်း၏ အနက်ကို ပေါင်းစပ်ရုံဖြင့် အဓိပ္ပာယ် မရှင်းလင်းဘဲ အားလုံးစုပေါင်းလိုက်မှသာ အဓိပ္ပာယ်ပေါ်သော ပုဒ်စုမျိုးဖြစ်သည်။

ယင်းစာအုပ်သည် အင်္ဂလိပ်စာကို လေ့လာကြသော မြန်မာတို့အတွက် နိုင်ငံခြား ရုပ်ရှင်ကြည့်ရှုခြင်း၊ အင်္ဂလိပ်စာအုပ်စာနယ်ဇင်းများကို ဖတ်ရှုခြင်းတို့တွင် အမြဲလိုလို တွေ့နေရတတ်သော နေ့စဉ်သုံး အီဒီယံစကားများကို သိရှိနားလည်နိုင်ရန် ကောင်းစွာ အထောက်အကူပြုစေနိုင်သည်။ ဂလိုဘယ်လိုက်ဖေးရှင်းခေတ်ကြီးတွင် နောက်ကောက်မကျန်အောင် အားဖြည့်ပေးမည့် အဆိုပါစာအုပ်ကို Wisdom House အမှတ်(၁၀၁) တိုက် (၁၁၉၁-၁၁၉၂) လက်ဝဲမင်းဒင်လမ်း မေတ္တာညွန့်ရပ်ကွက် တာမွေမြို့နယ် ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၅၈၅၃၃ က ဖြန့်ချိပြီး စာအုပ်တန်ဖိုး ငွေကျပ် ၃၀၀၀ ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

ကော့မှူးမြို့နယ် သစ်တောဦးစီးဌာနနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့ ပူးပေါင်း၍ ဒုတိယအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၆ ရက်က ထန်းမနိုင်-ဝါးဘလောက်သောက် ကျေးရွာချင်းဆက်လမ်း၌ ကျင်းပရာ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ၊ ဆရာမများ စုပေါင်း၍ စုစုပေါင်းအပင် ၁၀၂၅ ပင်ကို စိုက်ပျိုးကြစဉ်။

(မြို့နယ်ပြန်/ဆက်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၉-၇-၂၀၁၀ (သောကြာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ အဂ္ဂိဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေးဂီတစာဆိုမျိုးနွယ်ဆွေ)
- ၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈း၀၀ ၆။ ကြေးမုံရိပ်သွင်တေးနှုယဉ်
- ၈း၁၀ ၇။ အကပြိုင်ပွဲ
- ၈း၂၀ ၈။ တေးဂီတအစီအစဉ်
- ၈း၄၀ ၉။ International News
- ၈း၄၅ ၁၀။ "မြို့ကြီးသားယဉ်ကျေးမှု"
- ၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ တေးဂီတအစီအစဉ်
- ၄း၃၀ ၃။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၄း၄၀ ၄။ နှောင်းခေတ်တေးပဒေသာ
- ၄း၅၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ - တတိယနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)
- ၅း၀၅ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၅း၁၀ ၇။ မြန်မာစာ၊ မြန်မာစကား
- ၅း၂၅ ၈။ ကမ္ဘာ့ဖလားပုံရိပ်များ
- ၅း၃၅ ၉။ "ရိုးသားဖြူစင် ကလေးတို့အသွင်"
- ၆း၀၀ ၁၀။ ညနေခင်းသတင်း
- ၆း၁၅ ၁၁။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၂။ ရသစုံလင်အင်တာနက်ဉယျာဉ်
- ၇း၀၀ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ဆူးလွှမ်းသောချစ်နှင်းဆီ" (ဒုတိယပိုင်း) (အပိုင်း-၁၅)**
- ၈း၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ ငါတို့ခွန်အား (မျိုးကြီး၊တေးရေး-လင်းလင်း)
- ၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်သူ့နယ်နိမိတ်" (ပထမပိုင်း) (အပိုင်း-၂)**
- ၁၉။ သီချင်းချစ်သူ (နေနေ)
- ၂၀။ အစီအစဉ်ပြီး၏။

မင်္ဂလာကန်တော်ကြီး ကန်တူးကန်ဆယ် လုပ်ငန်းအတွက် အလှူငွေလှူဒါန်း

ရန်ကုန် ဇူလိုင် ၈

သာကေတမြို့နယ် ၆-အနောက်ရပ်ကွက်ရှိ မင်္ဂလာကန်တော်ကြီး ကန်တူးကန်ဆယ်လုပ်ငန်းအတွက် အလှူငွေပေးအပ်ပွဲကို ဇွန် ၃၀ ရက်က သာကေတမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌ ကျင်းပရာ အင်းစိန်မြို့နယ် ၁၀ မိုင်ကုန်းရပ်ကွက် လေဆိပ်လမ်းနေ ဒေါ်လှမင်းနှင့် မောင်နှမမိသားစုက ဒေါ်မော်လီ၏ အသက်(၈၀) ပြည့် မွေးနေ့အလှူအဖြစ် ငွေကျပ်တစ်သိန်း၊ အလုံမြို့နယ် အောက်ကြည့်မြင်တိုင်လမ်းနေ (ဦးတင်စိန်)-ဒေါ်အင်တီ မိသားစုက အလှူငွေကျပ် တစ်သိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ ကန်တူးဖော်ရေးကော်မတီ ဂုဏ်ထူးဆောင်နာယကများဖြစ်ကြသော ဒေါ်သန်းသန်းဌေး (အတွင်းရေးမှူး၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ)၊ ဦးသာဒင်၊ ဦးကျော်ကျော်နိုင်နှင့် ဘဏ္ဍာရေးမှူး ဦးသက်တင် **(အောက်ပုံ)** တို့က လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြသည်။ (ကြေးမုံ)

ထို့နောက် မြို့နယ်အဖွဲ့ဝင် ဒုတိယရဲမှူးထွန်းဖေ၊ လက်ထောက်ပညာရေးမှူး ဦးအေးကိုနှင့် ကျေးရွာဥက္ကဋ္ဌ ဦးဉာဏ်ထွန်းတို့က အလယ်တန်းကျောင်း(ခွဲ)ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

ကနီမြို့နယ် ဝယာကျေးရွာ အလယ်တန်းကျောင်း(ခွဲ)ဖွင့်

ရန်ကုန် ဇူလိုင် ၈

မုံရွာခရိုင် ကနီမြို့နယ် ဝယာကျေးရွာ၌ အလယ်တန်းကျောင်း(ခွဲ) ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၄ ရက် နံနက် ၁၀ နာရီက ကျေးရွာမူလတန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းစိုးက အမှာစကားပြောကြားပြီး လက်ထောက်ပညာရေးမှူး ဦးဝင်းခင်က မူလတန်းကျောင်းအဆင့် တိုးမြှင့်ဖွင့်လှစ်ပေးရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းသည်။

အာဟာရကျွေးမွေး

ဇူလိုင် ၇ရက်က တာမွေမြို့နယ် အမက(၂၂)တွင် ဦးမြင့်ဝေ-ဒေါ်ရီရီလှိုင်တို့၏သား မောင်ဝေဖြိုးမင်း (G-2)က ကျောင်းသား၊ ကျောင်းသူများအား နို့ဆန်ပြုတ်အာဟာရ ကျွေးမွေးလှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းဌေး ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်စဉ်။

(ကြေးမုံ)

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပစိမ်းမြေ

▲ ရှေ့ဖုံးမှ

၎င်းတို့အတွက် အကျိုးရှိနိုင်သည့် ကားလမ်း၊ ရထားလမ်းများကိုသာ ဦးစားပေး၍ ဖောက်လုပ်ခဲ့ခြင်း ဖြစ်ပြီး မြန်မာနိုင်ငံတစ်ဝန်းလုံး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရေး ဟူသော ရည်ရွယ်ချက်ကောင်းမျိုး မရှိခဲ့ပါချေ။

ရထားလမ်းသစ်များ

ထို့ကြောင့်လည်း ကိုလိုနီခေတ်နှင့် လွတ်လပ်ရေးရရှိပြီး နောက်ပိုင်းကာလတစ်လျှောက်လုံး နယ်မြေဒေသအများစုသည် လမ်းပန်းဆက်သွယ်မှုခက်ခဲ၍ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျခဲ့ရခြင်း ဖြစ်ပေသည်။ ယင်းအခြေအနေဆိုးမှ ကျော်လွှားနိုင်ရန်အတွက် ၁၉၈၈ ခုနှစ် နောက်ပိုင်းတွင် နိုင်ငံတော်အစိုးရသည် နိုင်ငံတစ်ဝန်းလုံး၌ လမ်း၊ တံတားများကို ကွန်ရက်သဖွယ် တည်ဆောက်ပေးလျက်ရှိရာ ရထားလမ်းသစ်များလည်း အပါအဝင် ဖြစ်ပေသည်။

၁၉၈၈ ခုနှစ် မတိုင်မီက မြန်မာနိုင်ငံတွင် ရထားလမ်းခရီးမိုင်ပေါင်း ၁၉၇၆ မိုင်၊ ဘူတာရုံပေါင်း ၄၈၇ ရုံနှင့် တံတားကြီးငယ်ပေါင်း ၅၆၅၀ စင်းသာရှိခဲ့ရာမှ ယခုအခါ ရထားလမ်း ခရီးမိုင် ၃၄၃၃ မိုင်၊ ဘူတာရုံပေါင်း ၈၇၅ ရုံနှင့် တံတားကြီးငယ်ပေါင်း ၁၀၉၀၈ စင်းအထိ တိုးတက်တည်ဆောက်နိုင်ခဲ့သည်။ ထို့အပြင် စက်ခေါင်း၊ ရထားတွဲနှင့် ကုန်စည်တွဲများကို တိုးချဲ့တည်ဆောက်ခြင်း၊ အရည်အသွေးမြှင့်တင်ခြင်းအပြင် ကွန်ကရစ်ဇလီဖားတုံး စက်ရုံများကိုပါ တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခဲ့သည်။

လစဉ်လိုလို

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ရထားပို့ဆောင်ရေးဝန်ကြီးဌာနသည် ရထားလမ်းသစ်များကို တည်ဆောက်ပေးလျက်ရှိရာ ရထားလမ်းသစ်ဖွင့်ပွဲ

သတင်းများကို လစဉ်လိုလို ကြားသိဖတ်ရှုနေရသည်။ ယခင်က ရထားလမ်းနှင့်ပတ်သက်၍ အိပ်မက်ပင် မမက်ခဲ့ဖူးသော ရခိုင်ပြည်နယ်အတွင်း၌ပင်လျှင် ရထားလမ်းများ ဖောက်လုပ်ပေးလျက်ရှိနေပြီဖြစ်သည်။

အောင်မြင်စွာဖွင့်လှစ်

မင်းဘူး-အမ်း-စစ်တွေ ရထားလမ်းမကြီး ၂၅၇ မိုင်၏ ပြည်တော်သာ-စစ်တွေ-ရေချမ်းပြင် ရထားလမ်းပိုင်း ၁၂ မိုင်နှင့် ကွမ်းတောင်-ပုဏ္ဏားကျွန်း-ယိုးတရုတ် ရထားလမ်းပိုင်း ၂၂ ဒသမ ၇၂ မိုင်တို့ကို အောင်မြင်စွာ ဖွင့်လှစ်ပေးနိုင်ခဲ့ပြီဖြစ်သည်။

မင်းဘူး-အမ်း-စစ်တွေ ရထားလမ်း ဖောက်လုပ်ရေးစီမံကိန်းသည် ကြံခင်း-ပခုက္ကူ ရထားလမ်းပိုင်းရှိ မကွေးတိုင်း မင်းဘူးမြို့မှ ရခိုင်ပြည်နယ် စစ်တွေမြို့သို့ ဆက်သွယ်သည့် ရထားလမ်း စီမံကိန်းဖြစ်ပြီး ဖောက်လုပ်ပြီးစီးပါက ရခိုင်ပြည်နယ်ရှိ တိုင်းရင်းသားပြည်သူများသည် မြန်မာနိုင်ငံရှိ ဒေသအသီးသီးသို့ လွယ်ကူချောမွေ့စွာဖြင့် သွားလာနိုင်ပြီး ကုန်ပစ္စည်းများ ပို့ဆောင်နိုင်ကြမည်ဖြစ်၍ စီးပွားရေး၊ လူမှုရေး

အပါအဝင် ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာ အထောက်အကူပြုမည်ဖြစ်သည်။

ကြံခင်း-ပခုက္ကူ

ထို့အပြင် ကြံခင်း-ပခုက္ကူ ရထားလမ်း မိုင် ၃၂၀ စီမံကိန်း၏

လမ်း၊ ပခုက္ကူ-မန္တလေး-ပုဂံ ရထားလမ်း၊ ပခုက္ကူ-မန္တလေး-မြစ်ကြီးနား ရထားလမ်း၊ ပခုက္ကူ-ရေဦး-ခင်ဦး ရထားလမ်းများနှင့် ဆက်စပ်၍ တစ်နိုင်ငံလုံးသို့ ရထားလမ်းများဖြင့် ဆက်စပ်ပြီး ဖြစ်ပေလိမ့်မည်။

နိုင်ငံတစ်ဝန်းလုံး ရထားလမ်းသစ်ကြီးများ ကွန်ရက်သဖွယ် တစ်ဟုန်ထိုး ဖြစ်ပေါ်လာရေးအတွက် ဘဏ္ဍာငွေကြေးအရ လည်းကောင်း၊ ကာယ၊ ဉာဏ လုပ်အားအရ လည်းကောင်း မည်မျှရင်းနှီးစိုက်ထုတ် လုပ်

မိုင်၊ ထားဝယ်-မြိတ် ရထားလမ်း ၁၃၂ မိုင်၊ ရေချမ်းပြင်-အမ်း-မင်းဘူး ရထားလမ်း ၂၄၅ ဒသမ ၅၄ မိုင်၊ ပုသိမ်(ဘဲဂရက်) ညောင်တုန်း-ရန်ကုန် (လှိုင်သာယာ) ရထားလမ်း ၈၉ မိုင်၊ ပြည် (ရွှေတံခါး)-တောင်ငူ (ကျေးတော)-

၅-၇-၂၀၀၉ ရက်က ဖွင့်လှစ် ... သစ်ကြီးအား ခံ့ညားထည်ဝါစွာ ...

လူစီးတွဲနှင့် ကုန်တွဲများကို ကုန်ကျစရိတ်သက်သာစွာဖြင့် ပြည်တွင်း၌ ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ခြင်း စသည့် ရုပ်ပိုင်း

ကြံခင်း-ဥသျှစ်ပင် လမ်းပိုင်း ၃၈ မိုင်၊ ဥသျှစ်ပင်-ကံမလမ်းပိုင်း ၃၅ မိုင်၊ ကံမ-သရက် လမ်းပိုင်း ၃၅ မိုင်၊ သရက်-မင်းလှ လမ်းပိုင်း ၅၂ မိုင်၊ ပခုက္ကူ-ကျွန်းချောင်းလမ်းပိုင်း ၂၇ မိုင်၊ ဆိပ်ဖြူ-ယောချောင်း ၂၂ မိုင်တို့ကိုလည်း အောင်မြင်စွာ ဖွင့်လှစ်ပေးနိုင်ခဲ့ပြီဖြစ်သည်။

ကြံခင်း - ပခုက္ကူရထားလမ်း ပြီးစီးသွားပါက တည်ရှိပြီး ပုသိမ်-ဟင်္သာတ - ကြံခင်းရထားလမ်း၊ ပခုက္ကူ-ဂန့်ဂေါ-ကလေး ရထား

မကြာသေးမီက ဖွင့်လှစ်ခဲ့သော ကြံခင်း-ပခုက္ကူ ရထားလမ်း ဖောက်လုပ်ရေးစီမံကိန်း၏ ဆိပ်ဖြူ-ယောချောင်းရထားလမ်းပိုင်းကို ၁၉-၅-၂၀၀၇ ရက်တွင် စတင်ဖောက်လုပ်ခဲ့ပြီး ၁၂-၆-၂၀၁၀ ရက်တွင် ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ ခရီးမိုင် ၂၂ မိုင်ရှိသော ရထားလမ်းပိုင်း တစ်ခုကိုပင် သုံးနှစ်တာကာလ အချိန်ယူ၍ နေ့မအား၊ ညမနား ကြိုးပမ်းတည်ဆောက်ခဲ့ရသည်ကို ကြည့်လျှင်

စစ်တွေမြို့(ပြည်တော်သာ-ရေချမ်းပြင်) ရထားလမ်းပိုင်း ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် စတင်ပြေးဆွဲသည့် အထူးရထား ပြည်တော်သာဘူတာမှ ထွက်ခွာလာသည်ကို တွေ့ရစဉ်။

ဆောင်ခဲ့ရသည်ကို မှန်းဆကြည့်နိုင်ပေသည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာနသည် ယခုအခါ နေပြည်တော်ကို ဗဟိုပြု၍ ဒေသအသီးသီးသို့ ရထားလမ်း ဆက်သွယ်ရေး လမ်းကြောင်းများဖြစ်သည့် နေပြည်တော်-ပုဂံ၊နေပြည်တော်-ပြည်၊ နေပြည်တော်-မန္တလေး၊ နေပြည်တော်-ရွှေညောင်၊ နေပြည်တော်-လွိုင်ကော်၊ နေပြည်တော်-ချောက်၊ နေပြည်တော်-ရန်ကုန်ရထားများ ပြေးဆွဲနိုင်ခဲ့ပြီဖြစ်သည်။

နိုင်ငံတစ်ဝန်း တန်းတူဖွံ့ဖြိုးတိုးတက်စေရေး မဟာဗျူဟာကို အခြေခံ၍ ရထားပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအနှံ့ ရထားလမ်းသစ်များ ဖောက်လုပ်ပေးလျက်ရှိရာ သရက်-ကျွန်းချောင်း ၁၈၃ မိုင်၊ ကသာ-ဗန်းမော် ရထားလမ်း ၉၈ မိုင်၊ မိုးနဲ-ကျိုင်းတုံ ရထားလမ်း ၂၂၆ မိုင်၊ ပျော်ဘွယ်-နတ်မောက်-ကန်ပြား-မကွေးရထားလမ်း ၉၅

နေပြည်တော် ရထားလမ်း မိုင် ၁၂၀၊ ဟင်္သာတ-ညောင်တုန်း ရထားလမ်း ၄၈ မိုင် နေပြည်တော် - တပ်ကုန်း - ပင်လောင်း ရထားလမ်း ၁၀၅ မိုင်တို့ကို ဆက်လက်ဖောက်လုပ်နေဆဲဖြစ်သည်။ ထို့အပြင် ဆက်လက်ဖောက်လုပ်မည့် ရထားလမ်းသစ်များမှာ ပဲခူး-ခရမ်း-သုံးခွ-သန်လျင်(အုတ်ဖိုစု) ၆၇ ဒသမ ၂၅ မိုင်၊ လားရှိုး-မူဆယ် ၁၄၅ မိုင်နှင့် ကလေး-တမူး ၈၄ ဒသမ ၃၅ မိုင်တို့ဖြစ်သည်။

အဆင်ပြေစွာသွားလာနိုင်ရေး

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် ရထားလမ်းများ ပိုမိုတိုးတက်ကောင်းမွန်အောင် ပြုပြင်ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ လမ်းပန်းဆက်သွယ်မှု ပိုမိုကောင်းမွန်ရန်နှင့် ဒေသဖွံ့ဖြိုးတိုးတက်မှုများ ပိုမိုဖြစ်ထွန်းလာစေရန်အတွက် ရထားလမ်းသစ်များ တိုးချဲ့ဖောက်လုပ်ပေးခြင်း၊

ဆိုင်ရာ တိုးတက်ကောင်းမွန်ရေး သာမက ခရီးသွားပြည်သူများ အဆင်ပြေစွာ သွားလာနိုင်ရေး

ကွမ်းတောင်-ပုဏ္ဏားကျွန်း-ယို... တွင် ရထားစတင်ပြေးဆွဲစဉ်။

ပခုက္ကူ - ကျွန်းချောင်း ရထားလမ်းပိုင်းကို ၂၀-၁၁-၂၀၀၉ ရက်က ဖွင့်လှစ်ခဲ့ရာ ပခုက္ကူဘူတာသစ်ကြီးကို တွေ့ရစဉ်။

၅-၇-၂၀၀၉ ရက်က ဖွင့်လှစ်ခဲ့သော နေပြည်တော်ဘူတာသစ်ကြီးအား ခံ့ညားထည်ဝါစွာတွေ့ရစဉ်။

လူစီးတွဲနှင့် ကုန်တွဲများကို ကုန်ကျစရိတ်သက်သာစွာဖြင့် ပြည်တွင်း၌ ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ခြင်း စသည့် ရုပ်ပိုင်း

ဆိုင်ရာ တိုးတက်ကောင်းမွန်ရေး သာမက ခရီးသွားပြည်သူများ အဆင်ပြေစွာ သွားလာနိုင်ရေး အတွက်ပါ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အစိုးရသည် လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုကြောင့် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျကျန်နေခဲ့ရသည့် နေရာများမှ ဒေသခံပြည်သူများအပါအဝင် တိုင်းရင်းသားပြည်သူများအားလုံး သွားရေးလာရေး လွယ်ကူစေပြီး ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးအခြေခံများ တိုးတက်လာစေရန် ရည်ရွယ်ချက်စိတ်ရင်း အမှန်ဖြင့် တည်ဆောက်ပေးခဲ့ခြင်း ဖြစ်သည်။

အလွန်အရေးပါ

လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးသည် ဒေသတစ်ခုဖွံ့ဖြိုးတိုးတက်ရေးအတွက်သော် လည်းကောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး အတွက်သော် လည်းကောင်း အလွန်အရေးပါသည့်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ထောင်စုကြီးတစ်ခုလုံး နယ်မြေဒေသတစ်ခုနှင့်တစ်ခု အကန့်အသတ်မရှိ ဆက်သွယ်သွားလာနိုင်သည့် လမ်းပန်းဆက်သွယ်ရေးကွန်ရက်များကို တည်ဆောက်ပေးနေခြင်းဖြစ်သည်။

အဖိုးမဖြတ်နိုင်

ယင်းသို့ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးအတွက် နိုင်ငံတော်အစိုးရက လမ်း၊ တံတားများ တည်ဆောက်ခြင်း၊ ရထားလမ်းများ ဖောက်လုပ်ခြင်းတို့ ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိရာ ဒေသခံပြည်သူများအတွက် သာမက နိုင်ငံတော်အတွက်ပါ အဖိုးမဖြတ်နိုင်သော အကျိုးကျေးဇူးများ ခံစားနေကြရပြီဖြစ်သည်။

ပြည်ထောင်စုတစ်ဝန်းလုံး လမ်းပန်းဆက်သွယ်သွားလာမှု လွယ်ကူ ချောမွေ့စေရန် ရထားလမ်း၊ ကားလမ်းများကို တိုးချဲ့ဖောက်လုပ်ပေးလျက်ရှိရာ ပျော်ဘွယ်-ဘုရားငါးဆူ ရထားလမ်းပိုင်းကို ၃၀-၁၁-၂၀၀၈ ရက်က ဤသို့ ဖွင့်လှစ်ပေးခဲ့သည်။

"ရောမမြို့ကြီးကို တစ်ရက်တည်းဖြင့် တည်ဆောက်၍မရ" ဆိုသကဲ့သို့ နိုင်ငံတော် အစိုးရသည် ၁၉၈၈ ခုနှစ် နောက်ပိုင်းယနေ့ကာလအထိ အနှစ် ၂၀ ကျော်အတွင်း နေ့မအား၊ ညမနား ကြိုးပမ်းအကောင်အထည်ဖော် တည်ဆောက်ခဲ့ရခြင်းဖြစ်သည်။ ထိုသို့ ကြိုးပမ်းတည်ဆောက်ပေးနေခြင်းမှာ နောင်လာမည့် မျိုးဆက်များအနေဖြင့် ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်ကြီးကို ပိုင်ဆိုင်နိုင်ရေး အတွက် ရည်ရွယ်ချက်မြင့်မားစွာဖြင့် ဆောင်ရွက်နေခြင်းပင်ဖြစ်သည်။

နိုင်ငံတစ်ဝန်း ရထားလမ်းများ လက်ယှက်ထိုး ပေါ်ထွန်းလာခြင်းသည် တည်ဆဲနိုင်ငံတော်အစိုးရ၏ မွန်မြတ်သည့်စေတနာ၊ မှန်ကန်သည့် ရပ်တည်ချက်တို့မှ ပေါက်ဖွားလာသည့် အကျိုးရလဒ်ကောင်းများပင်ဖြစ်ရာ နောင်လာမည့်ကာလတွင် မည်သည့်အစိုးရအဖွဲ့က နိုင်ငံတော်တာဝန်ကို ယူသည်ဖြစ်စေ၊ လက်ရှိ တည်ဆောက်ထားသည့် ကားလမ်း၊ ရထားလမ်းနှင့် တံတားများ တည်တံ့ခိုင်မြဲရေးအတွက် ကောင်းမွေဆက်ခံပြီး ထိန်းသိမ်းစောင့်ရှောက်

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ✳

နိုင်ငံတစ်ဝန်း ရထားလမ်းများ လက်ယှက်ထိုး ပေါ်ထွန်းလာခြင်းသည် တည်ဆဲနိုင်ငံတော်အစိုးရ၏ မွန်မြတ်သည့်စေတနာ၊ မှန်ကန်သည့် ရပ်တည်ချက်တို့မှ ပေါက်ဖွားလာသည့် အကျိုးရလဒ်ကောင်းများပင်ဖြစ်ရာ နောင်လာမည့်ကာလတွင် မည်သည့်အစိုးရအဖွဲ့က နိုင်ငံတော်တာဝန်ကို ယူသည်ဖြစ်စေ၊ လက်ရှိ တည်ဆောက်ထားသည့် ကားလမ်း၊ ရထားလမ်းနှင့် တံတားများ တည်တံ့ခိုင်မြဲရေးအတွက် ကောင်းမွေဆက်ခံပြီး ထိန်းသိမ်းစောင့်ရှောက်။

ကွမ်းတောင်-ပုဏ္ဏားကျွန်း-ယိုးတရုတ် ရထားလမ်းပိုင်းသစ်တွင် ရထားစတင်ပြေးဆွဲစဉ်။

ဇလီဖားစက်ရုံ (ပခုက္ကူ)

ကွန်ကရစ်ဇလီဖားတုံး တစ်ရက် ပျမ်းမျှအတုံး ၆၀၀နှင့် တစ်နှစ်ပျမ်းမျှ နှစ်သိန်းခန့် ထုတ်လုပ်နိုင်ပြီး သံလမ်းထိန်းကလစ်များပါ ထုတ်လုပ်ပေးလျက်ရှိသည့် ကွန်ကရစ်ဇလီဖားစက်ရုံ (ပခုက္ကူ)ကို တွေ့ရစဉ်။

* စာမျက်နှာ ၉ မှ

သွားကြရမည်သာ ဖြစ်သည်။ မည်သည့်အစိုးရမဆို နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခုနည်းတူ ဆက်လက်ဆောင်ရွက်သွားကြရမည်သာဖြစ်သည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက အကောင်အထည်ဖော် တည်ဆောက်လျက်ရှိသော ကြံခင်း-ပခုက္ကူရထားလမ်းစီမံကိန်း၊ ပျော်ဘွယ်-နတ်မောက်-မကွေးရထားလမ်း စီမံကိန်း၊ ကသာ-ဗန်းမော်ရထားလမ်းစီမံကိန်း၊ မိုးနဲ-ကျိုင်းတုံ ရထားလမ်းစီမံကိန်း၊ ထားဝယ်-မြိတ်ရထားလမ်းစီမံကိန်း၊ မင်းဘူး-အမ်း-စစ်တွေရထားလမ်းစီမံကိန်းနှင့် ပုသိမ်(ဘဲဂရက်)-အိမ်မဲ - ညောင်တုန်း - ရန်ကုန်(လှိုင်သာယာ)ရထားလမ်း စီမံကိန်းများသည် အမျိုးသားရထားလမ်းကွန်ရက်ကြီး ဖြစ်ပေါ်လာရေးအတွက် အဓိကကျသော စီမံကိန်းကြီးများပင် ဖြစ်သည်။

ယခင်တည်ရှိပြီး ရထားလမ်းများ၊ မကြာမီက ဖောက်လုပ်ပြီးစီးဖွင့်လှစ်ခဲ့သော ရထားလမ်းများ၊ ဖောက်လုပ်ဆဲ ရထားလမ်းများနှင့် တည်ဆောက်လျက်ရှိသည့် ဧရာဝတီမြစ်ကူး(ရထား/ကား) တံတားကြီးလေးစင်းဖြစ်သော ဧရာဝတီမြစ်ကူးတံတား(ညောင်တုန်း)၊ ဧရာဝတီမြစ်ကူးတံတား(ပခုက္ကူ)၊ ဧရာဝတီမြစ်ကူးတံတား(စင်းခန်း)၊ ဧရာဝတီမြစ်ကူးတံတား (မလွန်)တို့ ပြီးစီးသွားပါက တိုင်းနှင့် ပြည်နယ်အားလုံး ဆက်သွယ်သည့် မဟာဗျူဟာမြောက် အမျိုးသား မီးရထားကွန်ရက် (National Railway Network)ကြီး ဖြစ်ပေါ်လာမည်ဖြစ်သည်။ အမျိုးသား မီးရထားကွန်ရက်ကြီးသည် ပြည်နယ်နှင့် တိုင်းအားလုံးသို့ ရထားလမ်းများဖြန့်ကြက်ရောက်ရှိပြီး မြန်မာတစ်နိုင်ငံလုံး မီးရထားလမ်းတစ်ဆက်တစ်စပ်တည်း သွားလာနိုင်မည်ဖြစ်၍ တိုင်းနှင့် ပြည်နယ်အသီးသီးရှိ ဒေသခံပြည်သူများ၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးအစရှိသည့် လူနေမှုဘဝအဆင့်အတန်းများ ပိုမိုတိုးတက်မြင့်မားလာပြီး နိုင်ငံတစ်ဝန်းလုံး ယခင်ထက် ပိုမိုဖွံ့ဖြိုးတိုးတက်စည်ပင်လာတော့မည်ဖြစ်ပေသည်။

နိုင်ငံတော်အနေဖြင့် ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရန် ရထားလမ်းများ အပါအဝင် လိုအပ်သော အခြေခံအဆောက်အအုံများကို တည်ဆောက်ပေးခဲ့၍ စီးပွားရေး၊ လူမှုရေးကဏ္ဍများပါ တစ်ပြိုင်တည်း သိသိသာသာ ဖွံ့ဖြိုးတိုးတက်လာခဲ့ပြီဖြစ်ရာ ရေမြေသဘာဝများနှင့် ထိထိရောက်ရောက် ဆက်စပ် အသုံးချခြင်းဖြင့်အနာဂတ်ကာလတွင်ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီးပေါ်ထွန်းလာတော့မည်မှာ မလွဲဧကန်ပင် ဖြစ်သည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန၏ ကြိုးပမ်းဆောင်ရွက်မှုကြောင့် ယနေ့ကာလမှာပင် မြန်မာနိုင်ငံမြောက်ပိုင်း မြစ်ကြီးနားမြို့မှ တောင်ပိုင်းထားဝယ်မြို့အထိ လည်းကောင်း၊ အရှေ့ဘက် မိုးနဲမြို့မှ အနောက်ဘက် ကလေးမြို့အထိ လည်းကောင်း၊ ရထားလမ်းခရီးများ တိုးတက်ဖြစ်ထွန်းလာခဲ့ပြီး ဖြစ်သကဲ့သို့ အရှေ့တောင်ဘက် လှိုင်ကော်မြို့အထိပါ ရထားလမ်းခရီးဖြင့် သွားလာနိုင်ပြီ ဖြစ်သည်။

ကျေးဇူးကြီးလှပါသည်။ ယခုအခါ မြန်မာနိုင်ငံ တစ်နံတစ်လျားရထားစီး၍ ပျော်ပျော်ကြီး ခရီးနှင်နိုင်ပြီဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် (တောင်ပိုင်း)ဆက်သွယ်သွားလာမှု လွယ်ကူစေမည့် မိုးနဲ-ကျိုင်းတုံ ရထားလမ်းဖောက်လုပ်နေမှုကို တွေ့ရစဉ်။

၁၉၈၈ခုနှစ် နောက်ပိုင်း နိုင်ငံတစ်ဝန်း ဖွံ့ဖြိုးတိုးတက်လာသော မြန်မာ့မီးရထားကဏ္ဍ

စဉ်	အကြောင်းအရာ	ရေတွက်ပုံ	၁၉၈၈	၂၀၁၀	တိုးတက်မှု
၁	ရထားလမ်းခရီး(မိုင်)	မိုင်	၁၉၇၆	၃၄၃၃	၁၄၅၇
၂	ဘူတာ	ရုံ	၄၈၇	၈၇၅	၃၈၈
၃	တံတားကြီး/တံတားငယ်	စင်း	၅၆၅၀	၁၀၉၀၈	၅၂၅၈

ရထားပို့ဆောင်ရေးကဏ္ဍ

စဉ်	အကြောင်းအရာ	၁၉၈၈	၂၀၁၀	တိုးတက်မှု
၁	လူစီးရထားပြေးဆွဲမှု	၂၄၃	၄၁၂	၁၆၉ စင်း
၂	ကုန်ရထားပြေးဆွဲမှု	၁၈	၂၁	၃ စင်း
၃	စက်ခေါင်း	၂၃၉	၃၁၉	၈၀ စင်း
၄	ရထားလမ်းခရီး(မိုင်)	၁၉၇၆	၃၄၃၃	၁၄၅၇ မိုင်
၅	သံလမ်း(မိုင်)	၂၇၉၃	၄၄၀၂	၁၆၀၉ မိုင်
၆	ဘူတာရုံ	၄၈၇	၈၇၅	၃၈၈ ရုံ
၇	ရထားတံတားစုစုပေါင်း	၅၆၅၀	၁၀၉၀၈	၅၂၅၈ စင်း
၈	ခရီးသည်ပို့ဆောင်နိုင်မှု(၁)နှစ်သန်း	၄၈. ၈	၆၇	၁၈. ၂ သန်း
၉	ကုန်တန်ချိန်ပို့ဆောင်နိုင်မှု(၁)နှစ်သန်း	၁. ၅	၃	၁. ၅ သန်း

ဖောက်လုပ်ဆဲရထားလမ်းသစ်များ

စဉ်	ရထားလမ်းပိုင်း	ခရီးမိုင်
၁	သရက်-ကျွန်းချောင်း	၁၈၃ ဒသမ ၀၀
၂	ကသာ-ဗန်းမော်	၉၈ ဒသမ ၀၀
၃	မိုးနဲ-ကျိုင်းတုံ	၂၂၆ ဒသမ ၀၀
၄	ပျော်ဘွယ်-နတ်မောက်-ကန်ပြား-မကွေး	၉၅ ဒသမ ၀၀
၅	ထားဝယ်-မြိတ်	၁၃၂ ဒသမ ၀၀
၆	ရေချမ်းပြင်-အမ်း-မင်းဘူး	၂၄၅ ဒသမ ၅၄
၇	ပုသိမ်(ဘဲဂရက်)-ညောင်တုန်း-ရန်ကုန်(လှိုင်သာယာ)	၈၉ ဒသမ ၀၀
၈	ပြည်(ရွှေတံခါး)-တောင်ငူ(ကျေးတော)-နေပြည်တော်	၁၂၀ ဒသမ ၀၀
၉	ဟသ်္သာတ-ညောင်တုန်း	၄၈ ဒသမ ၀၀
၁၀	နေပြည်တော်-တပ်ကုန်း-ပင်လောင်း	၁၀၅ ဒသမ ၀၀
	စုစုပေါင်း(ခရီးမိုင်)	၁၃၄၁ ဒသမ ၅၄

ဆက်လက်ဖောက်လုပ်မည့် ရထားလမ်းသစ်စီမံကိန်း

စဉ်	လမ်းပိုင်း	ခရီးမိုင်
၁	ပဲခူး-ခရမ်း-သုံးခွ-သန်လျင်(အုတ်ဖိုစု)	၆၇ ဒသမ ၂၅
၂	လားရှိုး-မူဆယ်	၁၄၅ ဒသမ ၀၀
၃	ကလေး-တမူး	၈၄ ဒသမ ၃၅
	စုစုပေါင်း(ခရီးမိုင်)	၂၉၆ ဒသမ ၆၀

ဝန်ကြီး ဦးအောင်ကြည် မန္တလေးမြို့ စက်မှုဇုန်တွင် လုပ်သားများ ကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ်ထုတ်ပေးရေးကိစ္စ ဆွေးနွေး

နေပြည်တော် ဇူလိုင် ၈

အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်သည် ဇူလိုင် ၃ ရက် နံနက်ပိုင်းတွင် မန္တလေးမြို့ စက်မှုဇုန် ကနောင်ခန်းမ၌ မန္တလေးမြို့ပေါ်ရှိ စက်မှုလက်မှု လုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ လုပ်သားများ ကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ် ထုတ်ပေးရေး ဆွေးနွေးပွဲသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ဆွေးနွေးပွဲတွင် အမှတ်(၂)စက်မှုဝန်ကြီးဌာန မန္တလေးတိုင်း တာဝန်ခံ ညွှန်ကြားရေးမှူး ဒေါ်အေးအေးဝင်းက အလုပ်သမားများ၏ ကျွမ်းကျင်မှု စံသတ်မှတ်ရေး ကိစ္စရပ်များကို ရှင်းလင်းတင်ပြပြီး စက်မှုဇုန်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးအောင်ခိုင်က စက်မှုဇုန်၏ လုပ်ငန်းအခြေအနေများကို တင်ပြရာ ဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် မန္တလေးမြို့၌ ဖွင့်လှစ်ထားသော အလုပ်သမား ညွှန်ကြားရေးဦးစီးဌာန ကျွမ်းကျင်မှုလေ့ကျင့်ရေး သင်တန်းကျောင်း၌ ဝန်ထမ်းများ ကွန်ပျူတာကျွမ်းကျင်မှု အခြေခံသင်တန်း (၂/၂၀၁၀) ဖွင့်လှစ်ထားရှိမှုနှင့် အလုပ်သမားများ ကျွမ်းကျင်မှု လေ့ကျင့်ရေးသင်တန်း ဖွင့်လှစ်ရေးအတွက် ပြင်ဆင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

(၇)ကြိမ်မြောက် အရှေ့တောင်အာရှ အသက်(၁၈)နှစ်နှင့်အောက် အမျိုးသားဘတ်စကက်ဘောပြိုင်ပွဲ ဆက်လက်ယှဉ်ပြိုင်

ရန်ကုန် ဇူလိုင် ၈

အားကစားဝန်ကြီးဌာန အရှေ့တောင်အာရှ ဘတ်စကက်ဘောအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသော (၇)ကြိမ်မြောက် အရှေ့တောင်အာရှ အသက် (၁၈)နှစ်နှင့်အောက် အမျိုးသားဘတ်စကက်ဘောပြိုင်ပွဲကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ အမျိုးသား အားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီ အထွေထွေအတွင်းရေးမှူး ဒေါ်အယ်လ်ခွန်းရီနှင့် ကော်မတီဝင်များ၊ ဖိတ်ကြားထားသူများနှင့် ဘတ်စကက်ဘော အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှု အားပေးကြသည်။

ပြိုင်ပွဲ၏ ပထမပွဲစဉ်တွင် စင်ကာပူအသင်းက မြန်မာအသင်းကို ၇၈ မှတ်- ၇၀ မှတ်ဖြင့်လည်းကောင်း၊ ဒုတိယပွဲစဉ်တွင် ထိုင်းအသင်းက မလေးရှားအသင်းကို ၇၅မှတ်- ၆၈မှတ်ဖြင့်လည်းကောင်း၊ တတိယပွဲစဉ်တွင် ဖိလစ်ပိုင်အသင်းက လာအိုအသင်းကို ၁၃၃မှတ်-၃၀မှတ်ဖြင့် လည်းကောင်း အနိုင်ရရှိသွားကြသည်။

ပြိုင်ပွဲကို ဇူလိုင် ၉ ရက် နံနက် ၉ နာရီတွင် ယင်းအားကစားပြိုင်ပွဲရုံ၌ ဆက်လက်ကျင်းပမည်ဖြစ်ရာ ပထမပွဲစဉ်တွင် စင်ကာပူအသင်းနှင့် လာအိုအသင်း၊ ဒုတိယပွဲစဉ်တွင် မြန်မာအသင်းနှင့် မလေးရှားအသင်း၊ တတိယပွဲစဉ်တွင် ဖိလစ်ပိုင်အသင်းနှင့် ထိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

(သတင်းစဉ်)

ခြေစွာနေသည့်ဂျာမနီကို အနိုင်ယူပြီး စပိန်ပထမဦးဆုံးအကြိမ် ဗိုလ်လုပွဲတက်

ဂျိုဟန်နက်စဘတ် ဇူလိုင် ၈

၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ် ဒုတိယပွဲစဉ်အဖြစ် ဂျာမနီနှင့်စပိန်တို့ ကြာသပတေးနေ့ နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ စပိန်က နောက်ခံလူ ပူယိုး၏တစ်လုံးတည်းသောခေါင်းတိုက်ဂိုးဖြင့် အနိုင်ရခဲ့သည်။

ယခုပွဲတွင် ဂျာမနီအသင်း၌ နူယာ၊ ဘိုတန်(ဂျန်ဆန်)၊ ဖရက်ဒရစ်၊ ဖိလစ်လမ်း၊ မာတီဆက်ကာ၊ ခီဒီယာ (ဂိုမက်ဇ်)၊ ရှဝိန်းစတိုင်ဂါ၊ အိုဇီ၊ ထရိုချို စကီး(ခရော့စ်)၊ ပိုဒေါ်စကီးနှင့် ကလိုဆေးတို့ပါဝင်ကစားခဲ့ပြီး စပိန်အသင်းတွင် ဂိုးသမား ကာဆီးလက်စ်က အသင်းခေါင်းဆောင်အဖြစ်တာဝန်ယူပြီး ပီကေး၊ ပူယိုး၊ ကပ်ဒီဗီလာ၊ ရာမို့စ်၊ အင်နီယေစတာ၊ ဇာဗီ၊ အလွန်ဆို (မာချီနာ)၊ ဘတ်စ်ကွက်စ်၊ ဒေးဗစ်ဗီလာ (ဖာနန်ဒိုတောရက်စ်)နှင့် ပက်ဒရို (ဒေးဗစ်ဆေးလ်ဗား)တို့ ပါဝင်ခဲ့သည်။

ပြိုင်ပွဲတစ်လျှောက်လုံးခြေစွမ်းပြပြီး တိုက်စစ်ထက်မြက်ခဲ့သည့် ဂျာမနီမှာ ယခုပွဲ ပွဲအစ၌ပင် စပိန်အသင်း၏ ဖိအားပေးတိုက်စစ်ဆင်မှုကို ခံခဲ့ရသည်။ ဂျာမနီအသင်းသည် ကွင်းလယ်ကစားကွက်ပိုင်းတွင် စပိန်အသင်းကို လုံးဝမယှဉ်နိုင်ဘဲ တစ်ချိန်လုံး စပိန်အသင်း၏ လွှမ်းမိုးခြင်းကိုသာ ခံနေရသည်။ စပိန်အသင်း၏ ဘောလုံးပိုင်ဆိုင်မှုမှာ ၆၀ ရာခိုင်နှုန်းနီးပါးရှိခဲ့သည်။ ဂျာမနီအသင်း စပိန်ဂိုးပေါက်ကို ခြောက်ကြိမ်ကန်သွင်းရာ နှစ်ကြိမ်သာ ဂိုးပေါက်တည့်ခဲ့သည်။ သို့သော် စပိန်အသင်းကမူ ၁၆ ကြိမ်ကန်သွင်းခွင့်ရခဲ့ပြီး ငါးကြိမ် ဂိုးပေါက်တည့်ခဲ့ကာ ၇၃ မိနစ်တွင် ဇာဗီကန်တင်ပေးသည့် ဘယ်ထောင့်ကန်ဘောကို နောက်ခံလူ ပူယိုးက ခေါင်းတိုက်ပြီး စပိန်အတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ရယူနိုင်ခဲ့သည်။

စပိန်အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို နောက်ခံလူ ပူယိုး ဤကဲ့သို့ခေါင်းတိုက်သွင်း ယူခဲ့သည်။

(ဓာတ်ပုံ-အင်တာနက်)

ဂျာမနီအသင်းသည် ပူယိုး၏ ခေါင်းတိုက်သွင်းဂိုးကို ခွင့်ပြုပေးလိုက်ရပြီး နောက်ပိုင်းတွင် ခြေကုန်ထုတ်တိုက်စစ် ပြန်ဆင်ခဲ့ရာ စပိန်နောက်တန်းနှင့် ဂိုးသမားတို့ ကြံ့ကြံ့ခံကာကွယ်ဖျက်ထုတ်ခဲ့ရသည်။ ပွဲချိန် ၈၂ မိနစ်တွင် စပိန်အသင်း နောက်ထပ်ဂိုးရနိုင်သည့် အခွင့်အရေးတစ်ကြိမ် ရရှိခဲ့သော်လည်း ပက်ဒရိုတစ်ကိုယ်ကောင်းဆန်ခဲ့၍ ဂိုးမရရှိခဲ့ခြင်းဖြစ်သည်။ ယခုပွဲ၏ အကောင်းဆုံးကစားသမားဆုကို စပိန်အသင်းမှ ပက်ဒရိုက ရရှိသွားသည်။ ဤပွဲ၏ ထူးခြားချက်မှာ အဝါကတ်၊ အနီကတ် လုံးဝပြသမှု မခံရခြင်းပင်ဖြစ်သည်။

ဂျာမနီအသင်းကို ဖြိုနိုင်ခဲ့သည့် စပိန်အသင်းမှာ ဗိုလ်လုပွဲတွင် နယ်သာလန်အသင်းနှင့် ဆုံတွေ့မည်ဖြစ်ခြင်းကြောင့် ဥရောပတိုက်ပြင်ပတွင် ကျင်းပခဲ့သည့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲများ၌ ဥရောပအသင်းများ ချန်ပီယံတစ်ကြိမ်တစ်ခါမျှ မဖြစ်ဖူးသည့် အစဉ်အလာကိုလည်း ချိုးဖျက်နိုင်တော့မည်ဖြစ်သည်။ ယင်းအပြင် နယ်သာလန်နှင့် စပိန်နှစ်သင်းလုံး ကမ္ဘာ့ဖလား ချန်ပီယံ မဖြစ်ဖူးသေးခြင်းကြောင့် ယခုနှစ် ၂၀၁၀ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲတွင် ချန်ပီယံသစ်ပေါ်ထွက်လာတော့မည်ဖြစ်သည်။ ***အင်တာနက်။***

ဝင်းတင်(ကြေးမုံ)

❖ပလတ်စတစ်မှ

ပြဿနာသည်လည်း ကမ္ဘာ့ပင်လယ်သမုဒ္ဒရာများ၏ ဂေဟစနစ်များ ပျက်စီးရန် အကြောင်းတရားဖြစ်စေကြောင်း၊ ကမ္ဘာ့ပြည်သူများအနေဖြင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး အသိစိတ်ဓာတ်နိုးကြားလာစေရန်အတွက် ပလတ်စတစ်ဘူးများဖြင့် တည်ဆောက်ထားသော ရွက်လှေဖြင့် မိမိတို့ လှုံ့ဆော်မည်ဖြစ်ကြောင်း စည်းရုံးလှုပ်ရှားသူများ၏ ကြေညာချက်တွင် ဖော်ပြထားသည်။

အဆိုပါရွက်လှေကို ပလတ်စတစ်ဘူး အလုံးပေါင်း ၁၂၅၀၀ ဖြင့် တည်ဆောက်ထားသည်။

ပလတ်စတစ်ရွက်လှေ တည်ဆောက်ကာ ကမ္ဘာ့ပင်လယ်သမုဒ္ဒရာများအတွင်း ရွက်လွှင့်ရန် အယူအဆကို ဖော်ထုတ်သူမှာ ဗြိတိသျှလူမျိုး စွန့်စားသွားလာသူနှင့် ဂေဟဗေဒပညာရှင် ဒေးဗစ်ဒီရော့ချိုင်း ဖြစ်သည်။

"ပလတ်စတစ်ကီ" ရွက်လှေ၏ ကိုယ်ထည်ကို ပလတ်စတစ်ဘူးများဖြင့် တည်ဆောက်ထားပြီး ဝမ်းပြား လှေတစ်စင်းနှင့် တွဲဆက်ထားသည်။ ယင်းရွက်လှေသည် နေစွမ်းအင်၊ လေစွမ်းအင်နှင့် ပယ်လယ်ရေစီးကြောင်းဖြင့်လည်ပတ်နိုင်သော တာဘိုင်စက်တို့မှတစ်ဆင့် စွမ်းအင်ရယူကြောင်း ရော့ချိုင်းကပြောကြားသည်။ ***အင်တာနက်။***

☆ကျောဖုံးမှ

နိုင်ပွဲပြန်လည်ရရှိကာ အမှတ်ပြည့်ရရှိသွားခဲ့သည်။ အဖွင့်ပွဲစဉ်တွင် ကမ္ဘောဇကိုသရေကျပြီးသည့်နောက်ပိုင်း ရန်ကုန်ယူနိုက်တက်အသင်းကစားပုံမှာ တစ်ပွဲထက်တစ်ပွဲ ပိုကောင်းလာခဲ့ပြီး နှစ်ပွဲဆက် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ လက်ရှိချန်ပီယံ ရန်ကုန်ယူနိုက်အသင်းနှင့် ဇေယျာရွှေမြေအသင်းတို့၏ပွဲမှာ အကြိတ်အနယ်ရှိခဲ့ပြီး ပွဲကောင်းတစ်ပွဲဖြစ်ခဲ့သည်။

ပထမပိုင်းတွင် ဇေယျာရွှေမြေအသင်း ကစားပုံပိုကောင်းခဲ့ပြီး ၃၆မိနစ်တွင် အောင်ကိုကိုဝင်း သွင်းယူသောဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သည်။ ဇေယျာရွှေမြေ အသင်းမှာ ဒုတိယပိုင်းတွင် အနိုင်ကို ထိန်းရန် ကြိုးစားခဲ့ပြီး ရန်ကုန်အသင်းက ချေပဂိုးရရှိရေး အမြန်နှုန်းတင်လာရာ ဇေယျာရွှေမြေ ခံစစ်သက်သက်ဖြစ်သွားရသည်။ ၅၁မိနစ်တွင် လွင်ကိုနိုင်၏ ပေးပို့မှုမှတစ်ဆင့် နေလင်းထွန်းက ပိတ်သွင်းကာ ချေပဂိုးပြန်လည်သွင်းယူခဲ့သည်။ ဆက်တိုက်ဆိုသလို ရန်ကုန်ယူနိုက်တက်က ဖိကစားရာ ၆၅မိနစ်တွင် ထောင့်ကန်ဘောမှတစ်ဆင့် ဇင်မင်းဦးက ခေါင်းတိုက်သွင်းကာ ဒုတိယဂိုးရယူခဲ့သော်လည်း ချက်ချင်းဆိုသလို ရန်ကုန်ဂိုးသမား နိုင်ဇေယျာထွန်း အမှားမှတစ်ဆင့် စိုးပြည်သွေးက ဇေယျာရွှေမြေအတွက် ချေပဂိုး ပြန်လည်သွင်းယူခဲ့သည်။ သရေကျပြီးနောက်ပိုင်းတွင်လည်း ရန်ကုန်ကသာ ကစားကွက်အသာဖြင့် ကစားနိုင်ခဲ့ပြီး အနိုင်ဂိုးကို ၇၃မိနစ်တွင် ပြည့်ဖြိုးအောင်က ခေါင်းတိုက်သွင်းယူခဲ့သည်။

(အောင်ဆန်းကွင်း)

ဇွဲကပင်ယူနိုက်တက်	-	ဂိုးမရှိ
Delta United	-	ဂိုးမရှိ

ယနေ့ပွဲ

(သုဝဏ္ဏကွင်း)

နေပြည်တော်	-	ကမ္ဘောဇ

(ကြေးမုံ)

၂၀၁၀ ခုနှစ် ဓမ္မာစရိယနှင့် ပထမပြန်အထူးအောင်စာမေးပွဲ အောင်စာရင်းထုတ်ပြန်ကြေညာ

နေပြည်တော် ဇူလိုင် ၈

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ၂၀၁၀ ခုနှစ်အတွက် ကျင်းပပြီးစီးခဲ့သော ဓမ္မာစရိယစာမေးပွဲတွင် ဖြေဆိုခဲ့သော သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအနက် သုံးကျမ်းပြီး ၄၂၃ပါး၊ နှစ်ကျမ်းပြီး ၈၂၃ပါး၊ တစ်ကျမ်းပြီး ၁၇၂၉ပါး၊ မြန်မာဂုဏ်ထူး ငါးပါး အောင်မြင်တော်မူကြသည်။

၂၀၁၀ ခုနှစ် ပထမပြန်အထူးအောင်ရွေးချယ်ရေးစာမေးပွဲတွင် ဖြေဆိုခဲ့ကြသော သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်၊လူပုဂ္ဂိုလ်များအနက် ပထမကြီးတန်း၌ လေးပါး၊ ပထမလတ်တန်း၌ လေးပါး၊ ပထမငယ်တန်း၌ လေးပါး အောင်မြင်တော်မူကြသည်။

အထူးအောင်ပုဂ္ဂိုလ်များမှာ-

ဓမ္မာစရိယတန်း

၁။ ပထမ		ခုံအမှတ်(ထ-၄၀၀)အရှင်ပညာသာရ
(အဂ္ဂမဟာအကျော်)		သံဖြူကျောင်းတိုက်၊ကျောက်ဖြူမြို့၊ရခိုင်ပြည်နယ်
၂။ ဒုတိယ		ခုံအမှတ်(ကန-၈၆၃)အရှင်သုနန္ဒ
		ပြဟ္မာ့နိမ္မိတာရုံကျောင်းတိုက်၊ ဗဟန်းမြို့နယ်၊ရန်ကုန်တိုင်း
၃။ တတိယ		ခုံအမှတ်(ပ-ခ-၂)အရှင်ဓမ္မသိရီလင်္ကာရ
		ဓမ္မဒီပကျောင်း၊ မစိုးရိမ်တိုက်သစ်၊ မန္တလေးမြို့၊မန္တလေးတိုင်း

ပထမကြီးတန်း

၁။ ပထမ	ခုံအမှတ်(မန်း၊အဇမ-၅၃၁)အရှင်ပညာသာမိလင်္ကာရ
(ပထမကျော်)	အောင်ချမ်းသာပရိယတ္တိစာသင်တိုက်၊
	မန္တလေးမြို့၊ မန္တလေးတိုင်း
၂။ ဒုတိယ	ခုံအမှတ်(စိန်-၂၁)အရှင်ပညိန္ဒာလင်္ကာရ
	ရွှာမပရိယတ္တိစာသင်တိုက်၊ အင်းစိန်မြို့နယ်၊
	ရန်ကုန်မြို့၊ရန်ကုန်တိုင်း
၃။ တတိယ	ခုံအမှတ်(လင်း-၄၇)အရှင်ခေမာနန္ဒ
	ဓမ္မဒူတတောရကျောင်း၊ တောင်စွန်းရွာ၊
	ဘီးလင်းမြို့နယ်၊မွန်ပြည်နယ်
၄။ သီလရှင်(ပထမ)	ခုံအမှတ်(ဗဟ-၂၂၀)မသုနန္ဒီ
	ပဏ္ဍိတာရာမရွှေတောင်ကုန်းသာသနာ့ရိပ်သာ၊
	ဗဟန်းမြို့နယ်၊ရန်ကုန်မြို့၊ရန်ကုန်တိုင်း

ပထမလတ်တန်း

၁။ ပထမ	ခုံအမှတ်(စက-၃၇၁)အရှင်ကုန္ဒာဝုဓာလင်္ကာရ
	မြစကြာကျောင်းတိုက်၊ စစ်ကိုင်းမြို့၊စစ်ကိုင်းတိုင်း
၂။ ဒုတိယ	ခုံအမှတ်(စက-၃၆၄)အရှင်အဂ္ဂိနန္ဒာလင်္ကာရ
	မြစကြာကျောင်းတိုက်၊ စစ်ကိုင်းမြို့၊စစ်ကိုင်းတိုင်း
၃။ တတိယ	ခုံအမှတ်(စိန်-၁၄)အရှင်ဓမ္မပါလ
	ရွှာမပရိယတ္တိစာသင်တိုက်၊ အင်းစိန်မြို့နယ်၊
	ရန်ကုန်မြို့၊ရန်ကုန်တိုင်း
၄။ သီလရှင်(ပထမ)	ခုံအမှတ်(ဗဟ-၂၃၈)မဝရညာနီ
	ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ၊
	ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ ရန်ကုန်တိုင်း

ပထမငယ်တန်း

၁။ ပထမ	ခုံအမှတ်(ကွေး-၅၄)အရှင်သိရိန္ဒ
	အောင်မြေရတနာကျောင်းတိုက်၊မကွေးမြို့၊ မကွေးတိုင်း
၂။ ဒုတိယ	ခုံအမှတ်(ကွေး-၈၆)ရှင်ဝိသုဒ္ဓ
	အောင်မြေရတနာကျောင်းတိုက်၊ မကွေးမြို့၊မကွေးတိုင်း
၃။ တတိယ	ခုံအမှတ်(ရွှေပြည်-၉၅)ရှင်စန္ဒောဘာသ
	ရွှေပြည်သာပရိယတ္တိစာသင်တိုက်၊ ရွှေပြည်သာမြို့နယ်၊
	ရန်ကုန်တိုင်း
၄။ သီလရှင်(ပထမ)	ခုံအမှတ်(လင်း-၁၁၁)မစန္ဒာသိရီ
	ဓမ္မဒူတတောရကျောင်း၊ တောင်စွန်းရွာ၊ ဘီလင်းမြို့နယ်၊
	မွန်ပြည်နယ်

ယခုနှစ် ဓမ္မာစရိယစာမေးပွဲ အောင်စာရင်းနှင့် ပထမပြန် အထူးအောင်စာမေးပွဲ အောင်စာရင်းများကို ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့ရုံးများ၌လည်းကောင်း၊ ပြည်နယ်/တိုင်း သာသနာရေးမှူးရုံးများ၌ လည်းကောင်း၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးများ၌လည်းကောင်း ကြည့်ရှုနိုင်ကြောင်း သာသနာရေး ဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

သန်လျင်မြို့နယ်ရွေးကောက်ပွဲဆိုင်ရာဆင့်ပွားသင်တန်းဖွင့်

ရန်ကုန် ဇူလိုင် ၈

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်ကော်မရှင်အဖွဲ့ခွဲက ကြီးမှူး၍ ရပ်ကွက်နှင့် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲဝင်များ ရွေးကောက်ပွဲဆိုင်ရာ ဆင့်ပွားသင်တန်းဖွင့်ပွဲကို ဇူလိုင် ၅ ရက် နံနက် ၈ နာရီတွင် သန်လျင်မြို့ မဟာအတုလသဒ္ဓမ္မရံသီ သာသနာ့ဗိမာန်တော်၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ရန်ကုန်တိုင်းကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကိုကိုက အဖွင့်အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)** အဆိုပါသင်တန်းဖွင့်ပွဲသို့ ရန်ကုန်တောင်ပိုင်းခရိုင်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးမြတ်စိုးနှင့်အဖွဲ့ဝင်များ၊ သန်လျင် မြို့နယ် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးချစ်ညွန့်နှင့်အဖွဲ့ဝင်များနှင့် သန်လျင်မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာ အုပ်စုကော်မရှင်အဖွဲ့ခွဲများမှ သင်တန်းသား ၅၆၃ ဦး တက်ရောက်ကြသည်။

သင်တန်းတွင် သန်လျင်မြို့နယ် ကော်မရှင်အဖွဲ့ခွဲ- အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများ၊ ကော်မရှင်အဖွဲ့ခွဲ လုပ်ငန်းတာဝန်များ၊ မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ၏ လုပ်ငန်းတာဝန်များကို အသေးစိတ် ရှင်းလင်းပို့ချကြကြောင်း သတင်းရရှိသည်။ (၅၂၇)

တောင်ပိုင်းဒေသများ မိုးလျော့နည်းနိုင်

နေပြည်တော် ဇူလိုင် ၈

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ချင်းပြည်နယ်၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့ အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ရန်ကုန်တိုင်းတွင် နေရာကွက်၍မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာမိုးရေချိန်များမှာ** နေပြည်တော်(လယ်ဝေး)တွင် ၁ ဒသမ ၄၁ လက်မ၊ ရန်ကုန်(မြို့လယ်)တွင် ၅ ဒသမ ၅၁ လက်မ၊ မြစ်ကြီးနား မြို့တွင် ၂ ဒသမ ၈၀ လက်မ၊ ပဲခူးမြို့နှင့် ချောင်းဆုံမြို့တို့တွင် ၁ ဒသမ ၃၄ လက်မစီ၊ ကျိုက္ခမီမြို့တွင် ၁ ဒသမ ၂၆ လက်မ၊ တောင်ငူမြို့တွင် ၁ ဒသမ ၀၂ လက်မနှင့် အောင်လံမြို့တွင် သုည ဒသမ ၄၃ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ် အော်တို့တွင် မုတ်သုံလေ အားနည်းနေသည်။

ဇူလိုင် ၉ ရက် ညနေထိခန့်မှန်းချက်။ ။ ကချင်ပြည်နယ်တွင် နေရာအနှံ့အပြား၊ မွန်ပြည်နယ်နှင့် စစ်ကိုင်းတိုင်း အထက်ပိုင်းတို့တွင် နေရာစိပ်စိပ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မန္တလေးတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးလျော့နည်းနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန်	(၃၄ ဒသမ သုည ဒီဂရီစင်တီဂရိတ်) ၉၃ ဒီဂရီဖာရင်ဟိုက်	၇-၇-၂၀၁၀
အနိမ့်ဆုံးအပူချိန်	(၂၅ ဒသမ သုညဒီဂရီစင်တီဂရိတ်) ၇၇ဒီဂရီဖာရင်ဟိုက်	၈-၇-၂၀၁၀
၉း၃၀ နာရီအချိန်	စိုထိုင်းဆ ၇၉ရာခိုင်နှုန်း	၈-၇-၂၀၁၀
နေပူသည့်နာရီပေါင်း	၅ ဒသမ ၆ နာရီခန့်	၇-၇-၂၀၁၀

မိုးရေချိန်

ရက်စွဲ	**မင်္ဂလာဒုံ**	**ကမ္ဘာအေး**	**ရန်ကုန်မြို့လယ်**
၈-၇-၂၀၁၀	၁၀မမ(သုညဒသမ၃၉လက်မ)	၁၀မမ(သုညဒသမ၃၉လက်မ)	၁၄၀မမ(၅ဒသမ၅၁လက်မ)
၁-၁-၂၀၁၀မှ	၈၂၅မမ	၉၄၄မမ	၁၁၀၄မမ
ယနေ့အထိ	(၃၂.၄၈လက်မ)	(၃၇.၁၆)လက်မ	(၄၃.၄၆လက်မ)

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၇-၇-၂၀၁၀ ရက် ၇း၃၀နာရီတွင် အနောက်တောင်ဘက်မှ တစ်နာရီ ၁၀မိုင်နှုန်း တိုက်ခတ်သည်။

၃-၇-၂၀၁၀ နေ့ထုတ် ကြေးမုံသတင်းစာပါ ဒေါက်တာသျှားထူးနောင်နှင့် ဒေါက်တာရှယ်လီသက်တို့၏ တရားရုံးချုပ်ရှေ့နေ ဦးခင်မောင်ထွန်း၏ ကြေညာချက်အပေါ် ပြန်လှန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဒေါ်ခင်စန်းဝင်း၊ ဒေါ်မော်လီဝင်း၊ ဒေါ်စီစီဝင်းနှင့် ဒေါ်ယုယုဝင်းတို့၏ ညွှန်ကြားချက်အရ ရှေ့နေဦးခင်မောင်ထွန်း၏ ကြေညာချက်မှာ ဖြစ်ရပ်မှန်များကို မသိရှိဘဲ ကြေညာသဖြင့် ပြန်လှန်ကြေညာအပ်ပါသည်။

၁။ ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ရွှေဘုံသာလမ်း၊ အမှတ်(၃၆၆/၃၇၀) ပထမထပ်(ယာ)နှင့် တယ်လီဖုန်းအမှတ်(၃၈၅၅၄၅)တို့၏ မူလပိုင်ရှင်ဖြစ်သော ဦးယာကွတ်နှင့် ဒေါ်ခင်သက်တို့သည် ကွယ်လွန်ခဲ့ကြပြီး အမွေခံသားသမီးများဖြစ်သော **ဦးဝင်းမောင်၊ ဦးစိန်မောင်(ခ)နော်မန်၊ ဦးညီညီ၊ ဒေါ်ခင်စန်းဝင်း၊ ဒေါ်မော်လီဝင်း၊ ဒေါ်စီစီဝင်းနှင့် ဒေါ်ယုယုဝင်း**တို့ ပူးတွဲလျက် ဆက်ခံပိုင်ဆိုင်ခဲ့ကြပါသည်။

၂။ ယင်းအမွေခံတို့အနက် ဦးဝင်းမောင်၊ ဦးညီညီ၊ ဒေါ်ခင်စန်းဝင်း၊ ဒေါ်မော်လီဝင်း၊ ဒေါ်စီစီဝင်းတို့သည် အဆိုပါတိုက်ခန်းကို ပူးတွဲပိုင်ဆိုင်ကြောင်း ရန်ကုန်တိုင်းတရားရုံး (၂၇-၁၂-၂၀၀၆)ရက်စွဲ မှတ်ပုံတင်အမှတ်(၂၀၂၉/၀၆)ဖြင့် ကတိသစ္စာပြု မြွက်ဟကြေညာခဲ့ပါသည်။ ပြည်ပသို့ရောက်ရှိနေသူ ဦးစိန်မောင်(ခ)နော်မန်နှင့် ဒေါ်ယုယုဝင်းတို့သည်လည်း ပူးတွဲပိုင်ဆိုင်အကျိုးခံစားခွင့်ရှိကြောင်းကို မြွက်ဟ ကြေညာခဲ့ပါသည်။

၃။ (၂၈-၅-၂၀၀၇)နှင့်(၂၅-၁၀-၂၀၀၈)နေ့ထုတ် ကြေးမုံသတင်းစာပါ ကြော်ငြာများအရလည်း ဒေါ်ခင်သက်၏ သားသမီး(၇)ဦးပိုင်ဆိုင်ကြောင်း ကြေညာထားပြီး ဖြစ်ပါသည်။

၄။ ယင်းမောင်နှမများအနက် ဦးဝင်းမောင်သည် (၁၆-၂-၂၀၀၉)နေ့တွင် ကွယ်လွန်ခဲ့ပြီး ဦးညီညီသည်လည်း (၉-၆-၂၀၁၀)နေ့က ကွယ်လွန်ခဲ့ပါသည်။

၅။ ဦးညီညီမကွယ်လွန်မီ ၎င်းရထိုက်ခွင့်ရှိသည့် အမွေဝေစုကို ကျန်မောင်နှမများက ခွဲဝေပေးခဲ့ပြီးဖြစ်သည့်အတွက် ဦးညီညီက ယင်းတိုက်ခန်းနှင့် ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်ကို စွန့်လွှတ်ကြောင်း "အပြီးအပိုင်စွန့်လွှတ်ခြင်း ကတိဝန်ခံစာချုပ်"ကို (၉-၃-၂၀၀၉)နေ့ရက်တွင် ဝန်ခံကတိပြုချုပ်ဆိုခဲ့ပါသည်။ ဦးညီညီသည် နှမအရင်းဖြစ်သူ ဒေါ်ခင်စန်းဝင်းအား မန္တလေးမြို့ စာချုပ်စာတမ်းရုံး၏ (၁၁-၃-၂၀၀၉)ရက်စွဲပါ အထွေထွေကိုယ်စားလှယ်လွှဲစာ အမှတ်-(၆၈၆/၀၉)ဖြင့် လွှဲအပ်ပေးခဲ့ပါသည်။

သို့ပါ၍ ဦးညီညီသည် အဆိုပါတိုက်ခန်းနှင့် စပ်လျဉ်းသမျှ တစ်စုံတစ်ရာ ပိုင်ဆိုင်အကျိုးခံစားခွင့်မရှိတော့သည့်အတွက် ၎င်း၏သားသမီးများဖြစ်ကြသော ဒေါက်တာသျှားထူးနောင်နှင့် ဒေါက်တာရှယ်လီသက်တို့ အဆိုပါတိုက်ခန်းတွင် အကျိုးခံစားခွင့် လုံးဝမရှိတော့ကြောင်း ပြန်လှန်ကြေညာအပ်ပါသည်။

မခင်စန်းဝင်း၊ မမော်လီဝင်း၊ မစီစီဝင်းနှင့် မယုယုဝင်းတို့၏
လွှဲအပ်ညွှန်ကြားချက်အရ
ခင်မောင်မောင် B.A (D.S.A) B.L, W.I.P.O
တရားရုံးချုပ်ရှေ့နေ စဉ်-၄၆၀၉
မာမာသိန်း LL.B အထက်တန်းရှေ့နေ စဉ်-၂၅၉၄၆
အမှတ်(၅၅)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၃၇၆၄၈၁၊ ၂၄၉၀၉၄၊ ၂၉၇၂၂၈၊ ၃၈၀၁၈၉

ဥတုရာသီ
တောကိုမှီ၏

ပျောက်ဆုံးကြောင်း

ရန်ကုန်တိုင်း၊သန်လျင်မြို့နယ်၊ဗိုလ်ချုပ်ကျေးရွာ၊အေးသာယာအမှတ်(G/၁၇၀) နေမောင်ဝင်းထွန်းဇော်[၁၀/မလမ(နိုင်)၀၀၄၂၉၃]၏Passport.No.373076 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။ **ဖုန်း-၂၀၃၂၈၄**

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ မင်္ဂလာရိပ်မွန်အိမ်ရာ၊ နတ်ချောင်းနှစ်ခန်းတွဲ၊ ၄ထပ် တိုက်ခန်း၊ တိုက်(၃)၊ အခန်းအမှတ်(၀၁-၀၁) မြေညီ ဟုခေါ်တွင်သော တိုက်ခန်းအား ယခင်အမည်ပေါက် ပိုင်ရှင်ထံမှ တစ်ဆင့်ဝယ်ယူပိုင်ဆိုင် အကျိုးခံစားလျက်ရှိသူ ဦးဝင်းနိုင် [၁၀/မလမ(နိုင်)၀၀၉၉၆၉]ထံမှ ကျွန်တော်က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးကျော်သန်း
[၁၂/မဂတ(နိုင်)၀၀၉၂၆၁]
ဖုန်း-၀၉ ၅၁ ၇၄၃၁၁၊ ၅၅၂၃၀၂၊ ၀၉ ၅၁ ၇၇၂၀၂

ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

တောင်ကြီးမြို့၊ ကံအရှေ့ရပ်ကွက်၊ ကံဦးကျောင်းလမ်း၊ အကွက်အမှတ်(၂၅)၊ ဦးပိုင်အမှတ်(၄)၊ မြေဧရိယာ(၀ ဒသမ ၁၆၇)ကေရှိ မြေကွက်အား ဒေါ်အေးရင် အပါအဝင်(၉)ဦးပိုင်ဆိုင်ခဲ့ပါသည်။ ယခုအခါ ယင်းမြေကွက်အား သမီးဖြစ်သူ ဒေါ်နန်းမေဝင်းနှင့် ဒေါ်တင်တင်ရီတို့မှ ခွဲစိတ်ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဒေါ်နန်းမေဝင်းနှင့် ဒေါ်တင်တင်ရီတို့သည် ခွဲစိတ်မြေဧရိယာ (၀ ဒသမ ၀၈၄)နှင့် (၀ ဒသမ ၀၈၃)အား ဂရန်အမည်ပေါက် လျှောက်ထားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက အထောက်အထားခိုင်လုံစွာဖြင့် (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း။

ဒေါ်နန်းမေဝင်း	**ဒေါ်တင်တင်ရီ**
[၁၃/တကန(နိုင်)၀၆၇၂၂၇)	**[၁၃/ညရန(နိုင်)၀၁၁၁၈၃)**
၁၂/ဃ၊ ကျောက်တလုံးလမ်း	**သာလေးတောင်ရပ်၊ အင်းလေး**
သစ်တောရပ်ကွက်၊ တောင်ကြီး	**ဖုန်း-၀၉၅၁၄၂၂၆၁**
ဖုန်း-၀၉၅၂၆၁၃၆၀	

သက်ဆိုင်သူနှင့် အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါက်တာယဉ်မူယာ[၁၂/သကတ(နိုင်)၀၀၁၃၉၁] ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

၇-၇-၂၀၁၀ရက်နေ့ ကြေးမုံသတင်းစာ၏ စာမျက်နှာ-၁၈တွင် ဖော်ပြကြေညာခဲ့သည့် ဒေါက်တာရေချမ်း [၆/မအရ(နိုင်)၀၂၇၀၉၆]၏ ကြေညာချက်တွင် ဖော်ပြထားချက်များသည် မှန်ကန်မှုမရှိပါ။ ဒေါက်တာယဉ်မူယာသည် ဒေါက်တာရေချမ်းနှင့် ၂၉-၂-၂၀၀၀ ရက်တွင် လက်ထပ်ခဲ့ပြီးနောက် ခင်ပွန်းဖြစ်သူအပေါ်တွင်လည်းကောင်း၊ ၎င်း၏မိဘများအပေါ် တွင်လည်းကောင်း မည်သည့်ရိုင်းစိုင်းသည့် အပြုအမူ အပြောအဆိုမျိုး ပြုလုပ်ခဲ့ခြင်း မရှိသည့်အပြင် ကြေညာချက်ပါ စွပ်စွဲချက်များကို ဆောင်ရွက်ခဲ့ခြင်းမျိုးလည်း မရှိခဲ့ပါ။ ဒေါက်တာယဉ်မူယာအနေဖြင့် လင်မယားကွာရှင်းခွင့်လည်း မည်သည့်အခါမှ မတောင်းဆိုခဲ့ဘူးပါ။ ကြေညာချက်ပါအချက်များသည် ဒေါက်တာရေချမ်း၏ တစ်ဖက်သတ်စွပ်စွဲမှုများသာဖြစ်ပါသည်။ ဒေါက်တာရေချမ်းသည် ၁၅-၆-၂၀၁၀ ရက်နေ့တွင် ဒေါက်တာယဉ်မူယာ အလုပ်သွားနေခိုက် လက်ရှိနေထိုင်သော တိုက်ခန်းနှင့်ပတ်သက်သည့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများ၊ လက်ထပ်စာချုပ်မူရင်း(၂)စုံ၊ သန်းခေါင်စာရင်းမူရင်းနှင့် ဒ/၆၁၂၆ (တိုယိုတာပါပလေကာ) အပါအဝင် ကားနှင့်ပတ်သက်သည့် အထောက်အထားစာရွက်စာတမ်းမူရင်းများကို ယူဆောင်ပြီး နေအိမ်မှ ထွက်ခွာသွားခဲ့ရာ ယနေ့အချိန်အထိ ပြန်လာခဲ့ခြင်းမရှိခဲ့သည့်အတွက် ၃၀-၆-၂၀၁၀ရက် ကြေးမုံသတင်းစာနှင့် ၆-၇-၂၀၁၀ရက် မြန်မာ့အလင်းသတင်းစာများတွင် ထည့်သွင်းကြေညာခဲ့ရခြင်းဖြစ်ပါသည်။

ဒေါက်တာရေချမ်းနှင့် ဒေါက်တာယဉ်မူယာတို့သည် နှစ်ဦးသဘောတူ ဥပဒေနှင့်အညီ လက်ထပ်ခဲ့ခြင်းဖြစ်၍ အိမ်ထောင်ရေးပြစ်မှုတစ်စုံတစ်ရာ ကျူးလွန်ခဲ့ခြင်းမရှိသူ ဒေါက်တာယဉ်မူယာအပေါ် ဒေါက်တာရေချမ်းမှ တစ်ဖက်သတ် ဇနီးအဖြစ်မှ စွန့်လွှတ်ခြင်းကြေညာချက်သည် ဥပဒေနှင့်ညီညွတ်ခြင်း မရှိသဖြင့် ယနေ့ကြေညာချိန်အထိ ဒေါက်တာယဉ်မူယာသာလျှင် တရားဝင် ဇနီးဖြစ်ကြောင်း ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ	**လွှဲအပ်ညွှန်ကြားချက်အရ-**	
ဒေါက်တာယဉ်မူယာ	**ဦးအောင်ကျော်**	**ဒေါ်နီနီလှိုင်**
[၁၂/သကတ(နိုင်)၀၀၁၃၉၁]	**တရားရုံးချုပ်ရှေ့နေ**	**အထက်တန်းရှေ့နေ**
	စဉ်(၃၁၈၅)	**(စဉ်-၂၆၀၄၉)**
	ဖုန်း-၀၉ ၅၁၂၄၅၇၀	

ကွယ်လွန်သူ မိခင်ကြီး ဒေါ်လှရီ(ခ) မညွန့်ကြောင်(ပုသိမ်)အား ရည်စူး၍ ရန်ကုန်မြို့ (၅၂)လမ်း ဗိုလ်တထောင်မြို့နယ်နေ သား၊ သမီးများက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရနဝကမ္မငွေပဒေသာပင် ကျပ်တစ်သိန်းကို ပေးအပ်လှူဒါန်းစဉ်။ (သံဃာ့ဆေးရုံ)

ဇီဝမျိုးစုံမျိုးကွဲတွေ
ကြွယ်စေဖို့
သဘာဝတောတွေ
ထိန်းသိမ်းစို့



လုံးချင်းတိုက်၊ ကွန်ဒို၊
အငှားအလိုရှိသည်။
ပိုင်ရှင်ကိုယ်တိုင်ဆက်သွယ်ပါ။
(ရုံးချိန်)
Ph:514049, Room 3B

ရောင်းမည်

လက်ရှိသုံးနေသောခရီးသည်
ယာဉ် ၄ခ/--- (၁၅၀)
ဖုန်း-၀၉-၄၈၈၇၁၄၃၁

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ ခရေပင်ရိပ်မွန်အိမ်ရာစီမံကိန်းအပိုင်း(၂) လုံးချင်းတိုက်အမှတ်(၁၁၅-ဘီ)ကို အမည်ပေါက် ဦးဇေယျာဝင်းအောင် [၁၂/ဗဟန(နိုင်)၀၉၅၀၄၀]ထံမှ ဦးဌေးလွင်က ဝယ်ယူခဲ့ပြီး ပိုင်ဆိုင်မှုအမည်ပြောင်းပေးပါရန် စာချုပ်စာတမ်း အထောက်အထားတင်ပြ၍ လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ခိုင်လုံသည့်အထောက်အထားများဖြင့် ကြော်ငြာသည့်နေ့မှ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **စီမံကိန်းဌာနခွဲ**

မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန
ရန်ကုန်တိုင်းရုံး

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်း၊ သဃ်န်းကျွန်းမြို့နယ်၊ ဘ၀မြင့်ရပ်ကွက်၊ မလိခစုပေါင်းအဆောက်အအုံ အမှတ်(၁၇)၊ အခန်းအမှတ်(၃၃)၊ တတိယထပ် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးညွန့်ခိုင်[၁၂/တမန(နိုင်)၀၄၉၄၇၁]ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးထိန်လင်းသန်း	**ဦးခင်မောင်ဦး**
LL.B,D.B.L,D.I.L	**LL.B,D.B.L,D.I.L,Dip C.A,WIPO**
အထက်တန်းရှေ့နေ	**အထက်တန်းရှေ့နေ**
စဉ်-၂၅၇၉၃	**စဉ်-၂၅၇၅၂**

အမှတ်(၅၅)၊ (၁၀)လမ်း၊ ငမိုးရိပ်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်
ဖုန်း-၀၉-၅၅၀၆၁၄၆၊ ၀၉-၈၆၁၇၉၂၄၊ ၀၁-၅၇၁၃၃၁

ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

သဃ်န်းကျွန်းမြို့နယ်၊ ဇ/တောင်ရပ်ကွက်၊ ဝေဇယန္တာအိမ်ရာ၊ တိုက်အမှတ်(၃)၊ အခန်းအမှတ်(၁၀၄)ကို အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်တင်လှထံမှ စာချုပ်စာတမ်းများဖြင့် ဝယ်ယူထားသူ ဦးမြင့်ဆွေမှ တိုက်ခန်းပိုင်ဆိုင်မှု အမည်ပြောင်းပေးပါရန် လျှောက်ထားလာခြင်းအတွက် ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ (၁၄)ရက်အတွင်း စာချုပ်စာတမ်းအထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။ **စီမံကိန်းဌာနခွဲ**

မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်း၊ အရှေ့ပိုင်းခရိုင်၊ သာကေတမြို့နယ်၊ အမှတ်(၆၉၂)၊ အနော်မာ(၁၆)လမ်းနေ ကျွန်တော် ကျွန်မတို့၏သားဖြစ်သူ မောင်ရာမူး(ခေါ်) မောင်သန်းနိုင် [၁၂/သကတ(နိုင်)၁၇၄၂၅၂]ကိုင်ဆောင်သူသည် မိဘများအပေါ် စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပြီး မိမိဆန္ဒအရ နေအိမ်မှဆင်းသွားပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို (လုံး၀)တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ မေးမြန်းခြင်းသည်းခံပါ။

အဖ - ဦးမောင်ဇော်[၁၂/သကတ(နိုင်)၁၂၈၈၄၀]
အမိ - ဒေါ်စန်းမြင့်[၁၂/သကတ(နိုင်)၁၂၈၈၄၁]

ကျေးဇူးအထူးတင်ရှိခြင်း
ဦးလှမြင့်(ဖားကူး)ဇော်ပလတ်စတစ်လုပ်ငန်း
အသက်(၇၅)နှစ်

၅-၇-၂၀၁၀ရက်တွင် ကွယ်လွန်ခဲ့သော ဦးလှမြင့် နာမကျန်းစဉ် ဂရုတစိုက်ကုသပေးခဲ့သော ရန်ကုန်ပြည်သူ့ဆေးရုံကြီး အထွေထွေဆေးကုသဆောင်၁၇/၁၈မှ ပါမောက္ခကြီးနှင့် ဆရာ၊ ဆရာမများ ခွဲစိတ်ကုသဆောင် ၇/၈မှ ပါမောက္ခကြီးနှင့် ဆရာ၊ ဆရာမများအားလည်းကောင်း၊ လိုအပ်သော သွေးများကို လှူဒါန်းပေးခဲ့သော သွေးလှူရှင်များအားလည်းကောင်း၊ အနီးကပ်ပြုစုစောင့်ရှောက်ပေးသော သူနာပြုဆရာမများအားလည်းကောင်း လာရောက်သတင်းမေးမြန်း နှစ်သိမ့်အားပေးကြသော သူငယ်ချင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ နာရေးကိစ္စအဝဝကို ကူညီဆောင်ရွက်ပေးကြသူများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို ကျေးဇူးအထူးတင်ရှိပါကြောင်း။ **ဇော်ပလတ်စတစ်မိသားစု**

ဝမ်းနည်းကြေကွဲခြင်း

ဦးလှမြင့်(ဖားကူး)ဇော်ပလတ်စတစ်လုပ်ငန်း အသက်(၇၅)နှစ်သည် ၅-၇-၂၀၁၀ ရက်တွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် နှစ်စဉ် နှစ်သစ်ကူးအမှတ်တရလမ်းလျှောက်ခြင်းအား ဦးဆောင်ပေးခြင်း၊ လာရောက်သော အပေါင်းအသင်းမိတ်ဆွေများအား ကျွေးမွေးဧည့်ခံခြင်းစသည်ဖြင့် ကျေးဇူးကြီးမားလှသော မေတ္တာရှင်ကြီးအား မိသားစုနှင့်အတူ ကြေကွဲဝမ်းနည်းရပါကြောင်း။

ဦးလှသောင်း၊ ဦးအောင်သန်း၊ ဦးလှဝင်းနှင့်
အရင်းနှီးဆုံးတပည့်မိတ်ဆွေများ

(၆)လပြည့်လွမ်းဆွတ်သတိရခြင်း
ဦးယုံဖွား (ကျောက်ဆည်)
အသက်(၈၁)နှစ်
၉-၁-၂၀၁၀၊ ၉-၇-၂၀၁၀

မိသားစုအပေါ်တွင် ကျေးဇူးကြီးမားလှသော အပါး ၉-၇-၂၀၁၀ ရက်တွင် ခြောက်လပြည့်ခဲ့ပြီ ဖြစ်သော်လည်း တစ်ရက်မှ မေ့မရနိုင်ပါ။ နေ့စဉ်၊ လစဉ် ရည်စူး၍ လှူဒါန်း သမျှ ကုသိုလ်၊ ၉-၇-၂၀၁၀ ရက်တွင် မဟာဝိသုဒ္ဓါရုံ ယောဆရာတော် ကျောင်းတိုက်တွင် ဆွမ်း၊ သင်္ကန်း၊ ဆေးလှူဖွယ်ဝတ္ထုအစုစု လှူဒါန်းမှုကိုလည်းကောင်း၊ နဝကမ္မဝတ္ထုငွေကျပ်(၆)သိန်းကိုလည်းကောင်း၊ ပြုခဲ့သမျှ ဒါန၊ သီလ၊ ဘာဝနာကုသိုလ်အဖို့ ဘာဂကိုလည်းကောင်း မြင့်မြတ်သောဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ။ နိဗ္ဗာန်ရောက်ကြောင်း အထောက်အပံ့ကောင်းများ ဖြစ်ပါစေ။

ချစ်ဇနီး-ဒေါ်ကွေးလှိုင်နှင့်သားသမီးမြေးတစ်စု
ရွှေဆည်မိသားစု

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၇၈၊ မြေကွက်အမှတ် ၉၁၄+၉၁၅၊ မြေကွက်တည်နေရာ ၉၁၄+၉၁၅၊ ပဲခူးမြစ်လမ်း၊ ၇၈ ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ (ဦးရွှေဝင်း) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးရွှေဝင်း ကွယ်လွန်သဖြင့် ဒေါ်ခင်ဌေးရီ[၁၂/ကမရ(နိုင်)၀၂၇၃၈၂]က ဇနီးတော်စပ်ကြောင်း ကတိသစ္စာပြုလွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်း မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အမြန်ရောင်းမည်

ပေ(၂၀×၄၀)၊ H.Kပထပ်၊ ဝါးတန်းလမ်း၊ (34'x58') မေတ္တာညွန့်ထောင့်ကွက်၊
ဆက်သွယ်ရန် ဖုန်း-၂၉၄၇၄၉

ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာစာ

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈)FMI အိမ်ရာစီမံကိန်း၊ မြေကွက်အမှတ်(၁၆၃) အမည်ပေါက် ဦးကျော်မင်းဦး နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်[၁၂/ပဇတ(နိုင်)၀၁၀၀၁၂]မှ ဂရန်မူရင်းပျောက်ဆုံး၍ ဂရန်မိတ္တူမှန် ပြုလုပ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက ဂရန်မိတ္တူမှန်ပြုလုပ်ပေးရန်အတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန
ဗိုလ်ချုပ်အောင်ဆန်းလမ်း
ရန်ကုန်မြို့

မြို့တွင်းရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်

မိတ္ထီလာ ဇူလိုင် ၇

သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးနှင့် မြို့တွင်းရှိ ရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရေးအတွက် ဇွန် ၁၉ ရက်က မိတ္ထီလာမြို့ ရန်မျိုးအောင်ရပ်ကွက် အမှတ်(၁၁၃) အခြေခံပညာမူလတန်းကျောင်း ပတ်ဝန်းကျင်နှင့် အုတ်ကျင်းနယ်မြေအတွင်း ခရိုင်နှင့် မြို့နယ်ကောင်စီအဖွဲ့ဝင်များ၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ စုပေါင်း၍ ရေနုတ်မြောင်းများ တူးဖော်ခြင်း၊ ချုံနွယ်များ ရှင်းလင်းခြင်း၊ ခြင်ဆေးဖျန်းခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများအား ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ **(ယာပုံ)** (၁၁၁)

ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၀၀ဘီ)၊ မြေကွက်အမှတ်(၇)၏ တစ်စိတ်တစ်ဒေသ၊ ဧရိယာ(၀. ၁၂)ဧက၊ အမှတ်(၉)သပြေညိုလမ်း၊ ဖော့ကန်ရပ်ကွက်၊ အင်းစိန်မြို့နယ်ဟုခေါ်တွင်သော မြေကွက်ကို ဒေါ်အေးအေးရွှေ [၁၂/အစန(နိုင်)၀၉၅၆၃၇]၊ ဒေါ်တိုးတိုးရွှေ[၁၂/အစန(နိုင်)၁၄၅၅၅၄]၊ ဦးနိုင်ရွှေ(အိုင်အက်စ်အင်-၅၇၇၃၇၁)တို့အား မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ နှစ်(၆၀) မြေငှားစာချုပ်ထုတ်ပေးမည်ဖြစ်ပါ၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာသည့်နေ့မှစ၍ နှစ်ပတ်အတွင်း ဤဦးစီးဌာနသို့လာရောက်၍ သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန
ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ရန်ကုန်မြို့

သိန်းသန်း ကုဋေကုဋာ
(အမြန်ပို့ဝန်ဆောင်မှုလုပ်ငန်း)

✻ နေပြည်တော်မှ ရန်ကုန်သို့လည်းကောင်း၊ ရန်ကုန်မှ နေပြည်တော်သို့လည်းကောင်း၊ ရန်ကုန်မြို့တွင်း အချင်းချင်းသို့လည်းကောင်း။

✻ စာများ/ပါဆယ်များ/ကြော်ငြာများ/အရောင်းမြှင့်တင်စာများ/ဖိတ်စာများနှင့် အခြားပစ္စည်းများကို နေရာအရောက် အမြန်ပို့ပေးပါမည်။

✻ ဖုန်းသာဆက်လိုက်ပါ။ (အိမ်တိုင်ရာရောက်လာယူပါမည်။)

ဖုန်း-၃၇၄၉၃၅၊ (၃၆၅/၃၆၇၊ ပ-ထပ်၊ “ယု” အလှပြင်ဆိုင်နှင့်တွဲလျက် ဗိုလ်ချုပ်လမ်း၊ စင်ထရယ်ဟိုတယ်အနီး၊ ရန်ကုန်မြို့)

အကြောင်းပြရန်ပေးသည့်အကြောင်းကြားစာ
ရန်ကုန်တိုင်းတရားရုံးတော်၌
၂၀၀၅ ခုနှစ်၊ တရားမကြီးမှုအမှတ်(၅၁၃)

ဦးတင်မောင်မြင့်	နှင့်	ဒေါ်စံဝင်း ပါ(၁၆)
လျှောက်သူ		**အလျှောက်ခံရသူများ**

၁။ ဒေါ်စံဝင်း၊ အမှတ်(၅၃)၊ ၁၃၅လမ်း၊ မအူကုန်းရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
၂။ ဒေါ်ကြည်တင်၊ အမှတ်(၅၃)၊ ၁၃၅လမ်း၊ မအူကုန်းရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
၄။ ဒေါ်စိန်ကြည်၊ အမှတ်(၅၃)၊ ၁၃၅လမ်း၊ မအူကုန်းရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
၅။ ဒေါ်ခင်ညွန့်၊ အမှတ်(၅၃)၊ ၁၃၅လမ်း၊ မအူကုန်းရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
၆။ ဦးစံမောင်၊ အမှတ်(၂၂)၊ ဖိုးစိန်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
၇။ ဦးခင်အောင်၊ အမှတ်(၂၂)၊ ဖိုးစိန်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
၈။ ဒေါ်ခင်စန်းတင့်၊ အမှတ်(၁၇-အေ)၊ မအူကုန်းလမ်းကျယ်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
၉။ ၁၀။ ဦးခင်မောင်ဝင်း၊ ဒေါ်လီလီ၊ အမှတ်-၁၆၁ (P)၊ ကျိုက္ကဆံလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
၁၁။ ဒေါ်ခင်ပြုံးချို၊ အမှတ်(၅၃)၊ ၁၃၆ လမ်း၊ မအူကုန်းရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
၁၂။ ဒေါ်အေးအေးမူ၊ ကပစ(၁)၊ ချော်တွင်းကုန်း၊ ကမ္ဘာအေးအရာရှိအိမ်ထောင်သည်လိုင်း၊ ရန်ကုန်မြို့။
၁၃။ ၁၄။ ဒေါ်ချိုတီ၊ ဒေါ်ကြည်ကြည်မြင့်၊ အမှတ်(၅၀)၊ ၁၁၉လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။
၁၅။ ဒေါ်ကြည်ကြည်ညွန့်၊ အမှတ်(၂၈)၊ ၁၁၃လမ်း၊ မအူကုန်းရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
၁၆။ ဒေါ်မြင့်မြင့်၊ အမှတ်-၁၇၊ ၁၃၂လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။

(ယခင်လိပ်စာ၊ ယခုလိပ်စာမသိနေ) လျှောက်ထားခံရသူများ သိစေရမည်။

အထက်အမည်ပါ ဦးတင်မောင်မြင့်က ဤရုံးသို့ ရန်ကုန်မြို့ တရားရုံးချုပ်သို့ တရားမအထူးအယူခံမှုအမှတ်-၁၇/၂၀၀၈ တွင် ၂၅-၅-၂၀၀၇ရက်စွဲပါ စီရင်ချက်နှင့် ဒီကရီပါအတိုင်း ဆက်လက်ဆောင်ရွက်လိုသည့် အကြောင်းနှင့် လျှောက်ထားသည်ဖြစ်၍ သင်က ဤအလွှာအတိုင်း အမိန့်မချမှတ်သင့်ကြောင်းနှင့် အကြောင်းပြရန် ၂၀၁၀ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက် (၁၃၇၂ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၂ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊ နေရာတကျပြောကြားပြီးသင့်ရှေ့နေဖြစ်စေ ဤရုံးသို့ လာရောက်ရမည်။ မလာမရောက်ရှိခဲ့လျှင် အဆိုပါလျှောက်ချက်ကို သင့်ကွယ်ရာတွင် တစ်ဖက်သတ်မှုပြုလုပ်၍ ကြားနာ စစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၁၀ ခုနှစ်၊ ဇွန်လ(၂၃)ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

တင်နွယ်ဝင်း
တွဲဖက်တိုင်းတရားသူကြီး(၆)
ရန်ကုန်တိုင်းတရားရုံး
ရန်ကုန်မြို့

စစ်ကိုင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် လျှပ်စစ်ဝါယာကြိုးများ သွယ်တန်းထားရှိမှုနှင့် နေ့မီး၊ ညမီးလိုင်းများ စနစ်တကျ ခွဲခြားဆောင်ရွက်ထားမှုများကို ဇွန် ၁၈ ရက်က စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးနိုင်အောင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ(ဒုတိယညွှန်ကြားရေးမှူး) ဦးဝင်းဆွေ ရှင်းလင်းတင်ပြစဉ်။
(မြို့နယ်စည်ပင်)

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

အင်တာနက်
သဘာဝပတ်ဝန်းကျင်
ထိန်းသိမ်းရေးသတင်း

ဘာသာပြန်-တက်လူ

ပလတ်စတစ်ဘူးများဖြင့် တည်ဆောက်ထားသော ရွက်လှေကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ပလတ်စတစ်အမှိုက်ပြဿနာ အလေးမူစေရေး ရွက်လှေဖြင့် ခရီးနှင်ကာ စည်းရုံးလှုံ့ဆော်

ဆစ်ဒနီ ဇူလိုင် ၈

ပလတ်စတစ်အမှိုက်ပြဿနာကိုကမ္ဘာ့ပြည်သူတို့ အလေးမူလာကြစေရန် နှိုးဆော်သည့် ရည်ရွယ်ချက်ဖြင့် ပလတ်စတစ်ဘူးများဖြင့် တည်ဆောက်ထားသော ရွက်လှေတစ်စင်းသည် နယူးကယ်လီဖိုးနီးယားမှ ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့သို့ ယခုရက်သတ္တပတ်အတွင်း ခရီးနှင်မည်ဖြစ်ကြောင်း စည်းရုံးလှုပ်ရှားသူများက ဇူလိုင် ၈ ရက်တွင် ပြောကြားသည်။

"ပလတ်စတစ်ကီ" (Plastiki) ဟုအမည်ပေးထားသော အဆိုပါ ရွက်လှေသည် အမေရိကန်နိုင်ငံ ဆန်ဖရန်စစ္စကိုမြို့မှ နယူးကယ်လီဖိုးနီးယားကျွန်းသို့ ၁၀၈ ရက်ကြာမျှ ခရီးနှင်ခဲ့ပြီးဖြစ်သည်။ ယင်းခရီးစဉ်အတွင်း ရေမိုင် ၆၉၄၄ မိုင်(ကီလိုမီတာ ၁၂၈၆၀) ရွက်လွှင့်ခဲ့ကြောင်း စည်းရုံးလှုပ်ရှားသူများက ပြောကြားသည်။

ယနေ့ကာလတွင် ပလတ်စတစ်အမှိုက်ပြဿနာသည် ကမ္ဘာ့နိုင်ငံအားလုံးကို ခြိမ်းခြောက်နေကြောင်း၊ ၎င်းအပြင်ကမ္ဘာ့ပင်လယ်သမုဒ္ဒရာများတွင် ငါးအလွန်အကျွံဖမ်းဆီးမှုကြောင့် ငါးသယံဇာတ ပြုန်းတီးလာနေကြောင်း၊ ကမ္ဘာ့ရာသီဥတုပြောင်းလဲလာမှု **စာမျက်နှာ ၁၁ ကော်လံ ၁ သို့**❖

၂၀၁၀ MNL အရန်အသင်းများ အမှတ်ပေးပြိုင်ပွဲ ရန်ကုန်ယူနိုက်တက် နိုင်ပွဲဆက်

ရန်ကုန် ဇူလိုင် ၈

၂၀၁၀ MNL အရန်အသင်းများ အမှတ်ပေးဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၄နာရီက သုဝဏ္ဏကွင်း၌ ဆက်လက်ကျင်းပရာ ရန်ကုန်ယူနိုက်တက်အသင်းက ဇေယျာရွှေမြေအသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရပြီး အောင်ဆန်းကွင်းတွင် ဇွဲကပင်ယူနိုက်တက်အသင်းနှင့် Delta United တို့ ဂိုးမရှိသရေကျသွားသည်။

(သုဝဏ္ဏကွင်း)

ရန်ကုန်ယူနိုက်တက် - သုံးဂိုး
(နေလင်းထွန်း၊ဇင်မင်းဦးနှင့် ပြည့်ဖြိုးအောင်)တစ်ဂိုးစီ
ဇေယျာရွှေမြေ - နှစ်ဂိုး
(အောင်ကိုကိုဝင်းနှင့် စိုးပြည်သွေး)

ဒုတိယပိုင်းတွင် အကောင်းဆုံးပုံစံရရှိပြီး ခြေစွမ်းပြနိုင်ခဲ့သောကြောင့် ရန်ကုန်ယူနိုက်တက်အသင်း အရှုံးမှ **စာမျက်နှာ ၁၁ ကော်လံ ၃ သို့**☆

ရန်ကုန်ယူနိုက်တက်၏ ထိုးဖောက်ဂိုးသွင်းမှုကို ဇေယျာရွှေမြေဂိုးသမား မင်းနိုင် ကာကွယ်စဉ်။